
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အသစ် စာအုပ်တိုက်
အမှတ် ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။
ဖုန်း-၀၉၅၁၁၂၄၂၈

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၇၇၀၃၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၀၀၅၀၇ |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း<br>(ကာလာဇုန်ပုံနှိပ်တိုက်)<br>၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)၊<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Nai Zaw Oo |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>မေလ၊ ၂၀၀၇ ခုနှစ် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၄၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ထွက်ရှိပြီးစာအုပ်များ

၁။ လဆွဲအားနဲ့မိန်းမ
၂။ အဆင့်မြင့်ချည်တိုင်
၃။ အနှေးသွားလွန်းပျံယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ
၇။ သံယောဇဉ်ဖတ်စာ
၈။ ဝတ်မှုန်ကူးတဲ့ကြယ်
၉။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
၁၀။ စက္ကူပန်းတွေရဲ့သီချင်း
၁၁။ ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့မြားအကြောင်း
၁၂။ ဗလာကောင်ရေးတဲ့ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့တနင်္ဂနွေပုံပြင်
၁၆။ တစ်ခါတစ်ရံများ
၁၇။ အချစ်အကြောင်း (ကဗျာ)
၁၈။ အဆောင်သူအတွက်
၁၉။ အသည်းကွဲလူရွှင်တော်
၂၀။ တယော
၂၁။ ဧဒင်ဥယျာဉ်ရဲ့နောက်ဆုံးနေ့
၂၂။ ဘတ်သီးအော်ပရေးရှင်း
၂၃။ အလွမ်းတွေချိတ်ဆွဲထားတဲ့မိုးတိမ်

**ယခုလ**

၂၄။ မူကြိုတစ်ဦး၏ ဖါလူဒါအရသာ

**ဆက်လက်၍**

၂၅။ လူနောက်

www.burmeseclassic.com

www.burmeseclassic.com

# ဝေမှူးသွင်

# မူကြီးတစ်ဦး၏ဖါလူဒါအရသာ

www.burmeseclassic.com

www.burmeseclassic.com

# The Eainmakathit Present

the Eainmakathit
38, 153rd Lane,
095112428

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


သစ္စာနီ၏အမှာစာ

စာရေးသူ၏အမှာစာ

၁။ လကိုဆုတ်ဖြဲသူ၏အတ္ထုပ္ပတ္တိ

၂။ ၁၉၄၅ ခုနှစ်က ငတုံးတစ်ယောက်

၃။ တြိဂံတစ်ခုထဲမှ ဆက်သွယ်ချက်များ

၄။ အချစ်ဝတ္ထု

၅။ နေမဝင်ဝတ္ထုတို

၆။ မိုးရာသီလွမ်းချင်း

၇။ လူတွေသိထားပြီးသားကိစ္စများကိုပဲဝတ္ထုတိုယောင်ဆောင်လိုက်ခြင်း

၈။ မူကြိုတစ်ဦး၏ဖါလူဒါအရသာ

၉။ လမင်းရဲ့စက်မှုထမင်းပွဲ

၁၀။ ကိုယ့်အကြောင်းကိုအတ္ထုပ္ပတ္တိရေးရန်

၁၉၉၇ ခုနှစ် ဒိုင်ယာရီအား ပြန်ဖတ်မိခြင်း

၁၁။ ဖတ်သူ၏ အသိတရားကို ဒီဝတ္ထုက ဘာမှတာဝန်မယူပါ


www.burmeseclassic.com

www.burmeseclassic.com



# ပွင့်ပွင့်လင်းလင်းအတင်းပြောခြင်း (အမှာစာ)

**သစ္စာနီ**

ဒီကောင့်အကြောင်း ပြောရရင်တော့ ဇကောင်းတာ သိပ်မရှိပါဘူး။ (ကောင်းတာဆိုတာက အစဉ်အလာလူတွေ သတ်မှတ်ထားတဲ့ စံနှုန်းတွေ၊ တန်ဖိုးတွေနဲ့ ကိုက်ညီတာမျိုးကို ပြောတာပါ။) လူပုံက အရုပ်ကြီး ကလန်ကလားနဲ့ ထောင့်မကျိုးဘူး။ လူတကာနဲ့လည်း ရန်ဖြစ်တတ်သေးတယ်။ (အဖေတောင် ချန်တဲ့ကောင် မဟုတ်ဘူး။ သူ့ အဖေက သူ့ကို အေးခေးပြုလို့ နာမည်ပေးထားတယ်။) ကျွန်တော်နဲ့ တူတဲ့ အကျင့်တချို့လည်း ရှိသေးတယ်။ အနုပညာအရ အထာ မကြီးရင် လျှခြင်းပေါင်းမရတာတို့။ စိတ်ထဲမှာ မထင်ရင် မထင်သလို ဘုပြောတတ်တာတို့။ (သူ့ကဗျာတစ်ပုဒ်ထဲမှာတော့ 'ကျွန်တော့်ကို လမ်း သရဲလို ကောပြောတတ်သူ' လို့ ထည့်ရေးလိုက်သေးတယ်။) ဆရာကြီးဆို လည်း မကြည်ညိုတတ်တာတို့။ အများနဲ့တစ်ယောက် ဂရုမစိုက်တာတို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ပြည်က။ ပြည်နဲ့ ကျွန်တော်နဲ့က ရေစက်ပါတယ်။ ကျွန်တော့်အမေက ပြည်ဇာတိ။ ကျွန်တော်ကတော့ အသက်သုံးဆယ်နားရောက်မှ ပြည်ကို ရောက်ဖူးတယ်။ ရော်ဝတီမြစ်ကို မမြင်ဖူးလို့ သွားကြည့်တာ။ ဒုတိယတစ်ခေါက်ကတော့ ပုဂံကို သွားရင်း ပြည်ကို လှည့်ဝင်တာ။ ပြည်သားတွေနဲ့တော့ တော်တော်စောစောကပဲ မိတ်ဆွေဖြစ်ခဲ့တယ်။ ၁၉၇၀ တစ်ဝိုက်ကတည်းက သုခမိန်လှိုင်။ နောက်ကိုဆွေ၊ ချမ်းငြိမ်းဇေ၊ မောင်ချောနွယ်၊ ငါးခူအိုင်ကိုဆန်နီ၊ သရဝဏ်(ပြည်)။

လွန်ခဲ့တဲ့ ၁၀–နှစ်လောက်က ထင်တယ်၊ ဒီကောင် ညဘက်အိမ်ကို ရောက်လာတယ်။ ကိုဇော် (ဆရာဇော်ဇော်အောင်) လွှတ်လိုက်တာ။ ဒီကောင်က ကလေးဘဝကတည်းက ကိုခင်ဝမ်းနဲ့ သိကျွမ်းခဲ့တယ်။ ကိုခင်ဝမ်းနဲ့ သူဦးလေးက သူငယ်ချင်းတွေ။ ၁၄–နှစ်သားလောက်ကျတော့ ကဗျာရေးနေပြီ။ ကိုချော (မောင်ချောနွယ်) အနားလည်း ရောက်နေပြီ။ ဒီတော့ ပေါ့သေးသေးတော့ မဟုတ်ဘူးပေါ့။ ၁၆–နှစ်သားလောက်မှာ အိမ်က ခွဲထွက်ပြီး တစ်ကိုယ်တည်း ရပ်တည်ခဲ့တဲ့သူ။ (အဆောင်ခနဲ့ စားစရိတ်ကလေးတော့ သူ့အမေဆီ ပြန်ပြန်တောင်းရတာပေါ့။) ဒီကောင် တေပေတယ်၊ လေတယ်ဆိုတာက ကျောထောက်နောက်ခံနဲ့။ မိဘက စီးပွားရေးတောင့်တင်းပါတယ်။

ဒီတုန်းက သူ့ကွယ်ရာမှာ ကျွန်တော်တို့အုပ်စုက အရှူးလို့ ခေါ်ကြတယ်။ (အမှန်တော့ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်က အရပ်ထဲမှာ ကျွန်တော့်ကိုလည်း ဒီကောင်က ကဗျာရူး စာရူးပါကွာလို့ ပြောခဲ့ကြတာပဲ။ ဘာကိစ္စမဆိုလည်း ရူးမှတတ်တယ်လို့ ထင်ပါတယ်။ စာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိတ်၊ အိပ်လည်း ဒီဇိဝ်ပါ။) ဒီကောင်က ကြိုးစားတယ်။ ဖ,ကာရေး လည်း ရှိတယ်။ သူ့ဝတ္ထုတိုတွေ၊ ကဗျာတွေက အညွှန်ား၊ မဟုတ်ဘူး။ ဒါကြောင့် အချိန်တိုတိုနဲ့ တိုးတက်လာတယ်။ နောက်တော့ သူက သူ့နောင်တော်တွေ လျှောက်တဲ့လမ်းပေါ် ရောက်သွားတယ်။ တာရာမင်း၊ ဝေဝေတို့၊ မင်းခိုက်စိုးစန်တို့ကို လူငယ်ပီပီ အားကျပုံ ရပါတယ်။ တစ်ဖက် က အပျော်ဖတ် အချစ်ဝတ္ထုရှည်တွေ ရေးတော့တယ်။ ဒီလိုင်းက နာမည် ကြီးတာ မြန်တယ်။ ငွေများများလည်း လွယ်လွယ်နဲ့ ရတယ်။ စာပေလိုင်း သက်သက်ဆိုတာက နှစ်ရှည်လများ တည်ဆောက်ယူရမယ်။ ဒါတောင် လူတွေလက်ခံလာဖို့ဆိုတာ တော်တော်ခက်ခဲတယ်။နာမည်ကြီးလာတဲ့တိုင် အောင် (တကယ်တော့ စာပေဩဇာရှိလာတာပါ) ငွေများများ ရဖို့ဆိုတာ မလွယ်ဘူး။

တာရာမင်းဝေနဲ့ မင်းခိုက်စိုးစန်ဆိုတာက ဘက်နှစ်ဖက်လုံး စွမ်းတဲ့ကောင်တွေပါ။ (ကျွန်တော်တစ်ယောက်တည်းအတွက် နာမည်ကြီး တာကိုလည်း မလို၊ တန်ဖိုးမထားပေမယ့် ငွေရှာနိုင်တာ၊ ငွေရတာကိုတော့ ထောက်ခံပါတယ်။ လောကမှာ ငွေဟာ ထိုက်သင့်သလောက် အရေးပါ တဲ့ လူ့အဖွဲ့အစည်းမှာ ကျွန်တော်တို့ လူဖြစ်နေရတာကိုး။) ဒီကောင် လည်း အဲဒီဘက်လိုင်းမှာ အတော်အသင့် အောင်မြင်တယ်။ သူ လက် ဆောင်ပေးလို့ ဖတ်ရသမျှတော့ ဇာတ်လမ်းဇာတ်ကွက် ဖန်တီးပုံ လတ် ဆတ်တယ်။ အထူးသဖြင့် စကားပြေကောင်းတယ်။ ဒီငနဲတွေက စာ ကောင်းကောင်းရေးတတ်ကြတော့ ဘာရေးရေး ဖြစ်မှာပဲ။ ဒါပေမယ့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကို အဲဒီဖက်မှာ ဖွဲ့သုံးနေရတော့ တကယ့်စာပေ



www.burmeseclassic.com

www.burmeseclassic.com



ရေးသားမှုဘက်မှာ လျှော့မှာကိုလည်း စိုးရိမ်ရတာပါပဲ။ ဒါပေမယ့် သူတို့တွေဟာ စာပေစစ်စစ် (Literature) ကိုလည်း လုံးဝ ကျောခိုင်း မသွားတဲ့အတွက် ချီးမွမ်းမှာပါပဲ။

ဒီကောင် နာမည်ကလေး အသင့်အတင့်ရလာ။ ပိုက်ဆံကလေး အသင့်အတင့် ရလာတော့၊ အထိုက်အလျောက်တော့ ကျေနပ်မှာပေါ့။ အိမ်မှာ ပိုက်ဆံတောင်းတာကတော့ မလွတ်သေးဘူး။ ဒီကောင် အနေအထိုင်တော့ ပြောင်းသွားတယ်။ ခပ်ညံ့ညံ့ဘော်ဒါဆောင်တွေမှာ နေရာကနေ၊ ခြောက်မိုင်မှာ နည်းနည်း သီးသီးသန့်သန့်နေရတဲ့ အခန်းပြောင်းနေတယ်။ နောက်တော့ ကန်တော်လေးမှာ တိုက်ခန်းငှားနေတယ်။ တစ်လ ခြောက်သောင်းဆိုလားပဲ။ အဲဒီအခန်းကို လေအေးစက် တပ်နေတဲ့အချိန် သူက ဟိုတယ်တက်နေလိုက်သေးတယ်။ အခုတော့ ကန်တော်လေးက သူ့မိဘတွေပိုင်တဲ့ အခန်းရောက်နေပြီ။ ပထမ သူ့တိုက်ခန်းကို ရောက်သွားတော့ အိပ်ရာတွေ ကြမ်းပေါ်ခင်းထားတာ တွေ့ရတယ်။ ကြိုတဲ့သူက လာအိပ်နေတော့ ခုတင်နဲ့ အိပ်ဖို့ အဆင်မပြေဘူးလို့ ပြောတယ်။ စာအုပ်တွေလည်း ကြမ်းပေါ် ပုံထားတယ်၊ ပန်းချီကားချပ် အတော်များများလည်း တွေ့ရတယ်။ စိုးနိုင်၊ မုတ်သုန်၊ မောင်ဒီ၊ ဝေချစ်ကို သူဝယ်စုထားတဲ့ ပန်းချီကားတွေက တော်တော်များသား။ ဦးငွေကိုင်ကားတစ်ကားတောင် တွေ့လိုက်သေးတယ်။ ဦးလူတင်ကားတွေလည်း ရှိတယ်။ သူက ငွေလိုနေတယ်ငြီးလို့ (သူများကားကို မှုးမှုးနဲ့ တက်မောင်းတာ သစ်ပင်ဝင်တိုက်မိလို့ လျော်ရမှာ) 'ဝေမျှုံးသွင် စုဆောင်းမှု' ဆိုတဲ့ အညီနဲ့ ဂလယ်ရီတစ်ခုငှားပြီး ဒီပန်းချီကားတွေ ရောင်းဖို့ အကြံပေးခဲ့သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ့စကာနဲ့ မတူတော့ဘူး။ အဝတ်အစားကလည်း ထည်လဲဝတ်ပြီး ရည်းစားကလည်း ထည်လဲလောက် တွဲလာတယ်။ သူ့ ရည်းစားအသစ်တစ်ယောက် ရရင် တစ်ခါ ခေါ်လာပြတတ်တယ်။ (အမှန် တော့ ကျွန်တော့်ကို လာကြွားတာပေါ့လေ။) အဲဒီရည်းစားအကြောင်း ဝတ္ထုရှည်တစ်ပုဒ်ရေးတယ်။ ဒါက သူ့ရဲ့ စာပေကုန်ကြမ်း ရှာနည်းတစ်မျိုး ပဲလား မသိပါဘူး။ မပြောင်းလဲတာကတော့ ကဗျာစာပေကို ထက်ထက် သန်သန်နဲ့ ယုံကြည်နေတဲ့စိတ်ပဲ။ နောက်တစ်ချက်က ကျွန်တော်တို့နဲ့ တွေ့ရင် တွေ့စတုန်းဟာလိုပဲ ကလေးဆန်ဆန် နေတတ်တာပဲ။

လွန်ခဲ့တဲ့ တစ်နှစ်လောက်က မြို့ထဲမှာဆိုတော့ ဘားလမ်း (မဟာဗန္ဓုလလမ်း)ထဲက ဘလူးမှာ ကော်ဖီသွားသောက်ကြတယ်။ (သူ တိုက်ရတာပါ။) ဒီတုန်းက သူကပြောမယ်။

"ကိုရဲ ကျွန်တော် သေချင်တယ်တဲ့"

အကြောင်းက...

"အခုတလော ကျွန်တော် ဘဝမှာနေရတာ အရသာ မတွေ့ ဘူး။ သူငယ်ချင်းတွေနဲ့ စကားပြောရတာလည်း အရသာ မတွေ့ဘူး။ ကဗျာတွေ၊ စာတွေရေးရတာလည်း အရသာ မတွေ့ဘူး"

လို့ ပြောတယ်။ လူဆိုတာ ဘဝကို ဒီလို ခံတွင်းပျက်တဲ့အခါ မျိုးလည်း ရှိတတ်ပါတယ်။ ဒီတုန်းက သူ နေထိုင်ပုံက ဒီလို။ မနက်ဆို ၁၁ နာရီ ၁၂ နာရီလောက်မှ အိပ်ရာက ထတယ်။ မနက်စာ စား၊ ပြီး ရင် လေထန်ကုန်းလာထိုင်။ သူနဲ့ အလွမ်းသင့်တဲ့ ကဗျာဆရာတွေနဲ့ ဗိုင်းဖွဲ့။ ညနေစောင်း (၆) နာရီလောက်ကျတော့ အရက်ဆိုင်ကူး။ ညဦး



www.burmeseclassic.com

www.burmeseclassic.com



နက်လို့ ဒီလူတွေနဲ့လည်း လူစုခွဲရော သူက အဆိုတော်ပေါက်စတွေ၊ ဗီဒီယိုမင်းသားပေါက်စတွေ၊ ထုတ်ဝေသူပေါက်စတွေနဲ့ တွဲပြီး နိုက်ကလပ်တွေ လျှောက်သွား။ မိုးလင်းကာနီးမှ ကိုယ့်အခန်း ကိုယ်ပြန်ရောက်တာ၊ မနက် ၁၁ နာရီ ၁၂ နာရီကျမှ အိပ်ရာက ထ။ အဲသလိုပဲ နေ့စဉ်နဲ့အမျှ ကျင်လည်နေလိုက်တာ။

"မင်းနေသလိုသာ နေရမယ်ဆို ငြီးငွေ့တာနဲ့ ၃- ရက်လောက်နဲ့ ငါ သေမှာပဲ"

လို့ပဲ ကျွန်တော် ပြောလိုက်တယ်။ ဒီကောင်က ကိုယ့်ကိုယ်ကို တကယ်သတ်သေမဲ့ကောင် မဟုတ်မှန်းသိတော့ မြှောက်ပေးမနေတော့ဘူး။ ဒီကောင်က လူပါး။ ကိုယ့်ကိုယ်ကို သတ်သေလောက်အောင်တော့ မမိုက်ဘူး။

ဒီကောင် အခုတလော အနေအထိုင် နည်းနည်း ပြောင်းသွားပုံရတယ်။ လက်ကိုင်ဖုန်းတစ်လုံး ကိုင်ပြီး အငှားကားနဲ့ သွားတာကတော့ မပြောင်းဘူး။ လုံးချင်းစာအုပ်တွေတော့ တော်တော် စိပ်စိပ်ထွက်လာတယ်။ ထုတ်ဝေသူလည်း သူက ကံကောင်းတယ်။ ပထမ အန်းဂူ၊ အခု အောင်ခိုင်ဆိုတာတွေက သူ့သူငယ်ချင်းတွေချည်းပဲ။ ဒါပေမယ့် ကျွန်တော် တစ်ဆင့်ကြားတာ ပြောရရင် ငွေကတော့ အမြဲလိုနေတာပဲ။ ဘောလုံးပွဲ နိုပ်ဆက်တာ များတယ်။ အရက်ကိုတော့ ဒီကောင်က နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲမြဲမြဲ ရှိပုံမရဘူး။ အဲဒါတော်သေးတာပေါ့။

ကျွန်တော်ကတော့ ပတ်ဝန်းကျင်က ကျွန်တော် ခင်တဲ့ သဲ့ယာဖဉ်ရှိတဲ့သူတွေနဲ့ ပတ်သက်လာရင် သူတို့ဘဝနဲ့ သူတို့ ဖြတ်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပါပဲလို့ သဘောထားပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ **ဒီကောင့်** ကို ဒီထက် ငြိမ်သက်စေချင်တယ်။ လေးလေးနက်နက် ရှိစေချင်တယ်။ အရသာတွေ့တဲ့စာတွေ ရှာဖတ်စေချင်တယ်။ (သူ့မှာ မူရင်းတွေ ဖတ်နိုင်ဖို့ အင်္ဂလိပ် အားနည်းနေတာ မြင်ရမယ်။) ကမ္ဘာမှာ ဖတ်သင့်ဖတ်ထိုက်တဲ့ ဖတ်စရာစာအုပ်အသစ်တွေက တစ်နေ့တခြား တိုးပွားနေပါတယ်။ ရုပ်ရှင်ကားကောင်းကောင်း (ဒီဗီဒီ)တွေကို အလေးအနက် သဘောထား ကြည့်ရှုစေချင်တယ်။ အပျော်အပါး လျှော့စေချင်တယ်။ အချိန်အလေအလွင့် နည်းရင် အနုပညာဘက်မှာ ပိုအားပြုလာနိုင်မယ်။ သူကိုယ်တိုင် အရသာတွေ့တဲ့စာတွေ ရေးလာနိုင်မယ်။ ဘဝဆိုတာ သေချင်စရာ နေရာမဟုတ်ဘူးဆိုတာ သဘောပေါက်လာနိုင်မယ်။ အခုတလော **ဒီကောင်** ရင်ဆိုင်နေရတဲ့ ပြဿနာက **မေးခွန်းများ** ဖြစ်ပုံရတယ်။ ကိုယ့်ဘာသာ မေးပြီး ကိုယ့်ဘာသာ အဖြေရှာမရတဲ့ **မေးခွန်းမျိုးတွေပေါ့။ ဟဲဒါတွေနဲ့** လည်း ရှုပ်ထွေးနေပုံ ရတယ်။

ဒီကောင့်ဝတ္ထုတွေ ဖတ်မယ်ဆိုရင် ဒီကောင့်အကြောင်းကတော့ သိထားမှ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဝတ္ထုတွေက သူ့အကြောင်းတွေနဲ့ ဆက်နွယ်နေလို့ပါပဲ။ ကဲ... အခုအချိန်က စပြီး ဒီကောင့် ဝတ္ထုတွေကို ဖတ်နိုင်ပါပြီ။

သစ္စာနီ



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အာမှာစာ

။ ၁ ။

ဘာမှမလွှမ်းလောက်တဲ့ အရေးအသားတွေကို ပုံနှိပ်ဖော်ပြပေး သော အယ်ဒီတာတွေ၊ စာအုပ်ထုတ်မယ့်ထုတ်ဝေသူတွေ ရှိနေတာကြောင့် ကျွန်တော်ဟာ အလုပ်အကိုင်မဲ့တစ်ဦးအဖြစ်မှ ကင်းလွတ်ခဲ့ရပါတယ်။ ကျွန်တော့်ဘဝရှေ့ရေးအတွက် အမြဲပူပန်နေတတ်တဲ့ မေမေကို နှစ်သိမ့် ဖို့ ကျွန်တော့်မှာ အနုပညာအလုံအလောက် ရှိရဲ့လား။ သားဆိုး၊ ပျော်၊ အလကားကောင်...အစရှိသဖြင့် ငယ်နာမည်တွေကို အခုချိန်ထိ ဘာနဲ့မှ မလဲနိုင်ခဲ့တာ ကျွန်တော့်ရဲ့ ခေါင်းမာမှု မဟုတ်ဘူး။ ချစ်မြတ်နိုးခြင်း သက်သက်ပါ။

လုပ်ချင်တာတွေ လုပ်ခွင့်မရသေးရင်နေ၊ မလုပ်ချင်တာကို အယ်ပေတာ့မှ မလုပ်ဘူးဆိုတဲ့ ကျွန်တော်ဟာ ဒီနေ့လည်း အချိန်တွေ

www.burmeseclassic.com



ပိုလျက် ရှိပါတယ်။

" ၂ "

စည်းကမ်းစည်းမျဉ်းတွေ၊ အနုပညာဆိုင်ရာ နည်းစနစ်တွေ၊ အစဉ်အလာသတ်မှတ်ချက်တွေကို ကျွန်တော် လေ့လာခဲ့ဖူးပါတယ်။ လိုက်နာဆောင်ရွက်ဖို့တော့ မဟုတ်ဘူး။ အချိုးဖျက်တဲ့အခါ အသုံးဝင်အောင်လို့ပါ။

ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်စုလုံး စကားလုံးတွေနဲ့ ဆော့ကစားနေရတာ ကျွန်တော် ပျင်းလှပါပြီ။ ခင်ဗျားတို့ စိတ်အာသာပြေအောင် ကူညီပြီး စဉ်းစားကြည့်မိရဲ့။

ဘောလုံးပွဲမှာ၊ ရုပ်ရှင်ရုံမှာ၊ စာအုပ်ဆိုင်မှာ၊ ပန်းချီပြခန်းမှာ၊ ဖိမ်ခံ ဟိုတယ်ကြီးတွေမှာ၊ ရယ်မောစရာ လူ့အဖွဲ့အစည်းထဲမှာ... ဖန်ခွက်တစ်ခွက်ကျကွဲသွားတဲ့အသံလောက်မှ အရသာမရှိရင် ဘာလုပ်မလဲ။

" ၃ "

အခု ဒီစာအုပ်ဟာ ပြန့်ကျဲနေတဲ့ ကျွန်တော့်ရဲ့ အသေးစားစော်ကားမှုလေးတွေကို စုစည်းထားတာပါ။ အန္တရာယ် အနည်းငယ် ရှိနိုင်ပါတယ်။ ကျွန်တော့်ဝတ္ထုတိုတွေကြောင့် ထိခိုက်မှု တစ်စုံတစ်ရာ ရှိခဲ့ရင် လုံးဝတာဝန်ယူမှာ မဟုတ်ဘူးဆိုတာ ကြိုတင် အသိပေးထားချင်ပါတယ်။

ကျွန်တော့်ဘက်က ပြောပြနိုင်တာ တစ်ခုကတော့ ဒီဝတ္ထုတိုတွေဟာ ဖတ်သူရဲ့ အသိတရားနဲ့သာ ဆိုင်တဲ့ဝတ္ထုတိုတွေ ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပါပဲ။ အပျော်တမ်း ငရဲသွားကြတဲ့အခါ ဉာဏ်ပညာနဲ့ ခံစားမှု နိမ့်ပါးသူတွေဟာ ခရီးသွားဖော် မဖြစ်သင့်ဘူး မဟုတ်လား။

လေးစားစွာဖြင့်

ဝေမှူးသွင်

www.burmeseclassic.com

www.burmeseclassic.com

# လကိုဆုတ်ဖြဲ့သူ၏အတ္ထုပ္ပတ္တိ

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်ကို ခန့်မှန်းရန် မလွယ်သော လူတစ်ယောက်သည် ပြတင်းပေါက်မှ တစ်ဆင့် ညရှုခင်းတွေကို ငေးကြည့်နေပါသည်။ ဒီအရပ်၌ သူ့နာမည်ကို အားလုံးက အထီးကျန်အလွမ်းသမားဟုသာ ခေါ်ကြသည်။ သူ၏ သွေးများက ခန္ဓာကိုယ်အတွင်း ပူနွေးစွာ လည်ပတ်စီးဆင်းနေ၏။ အသက်ရှူသံများက ပုံမှန်ထက် အနည်းငယ် မြန်ဆန်နေကြောင်း သူကိုယ်သူ ရိပ်မိပုံ မရပေ။ ပြီးခဲ့သည့် နာရီဝက်လောက်က ညရဲ့ တိတ်ဆိတ်မှု ထဲ၌ လိုက်မောဖွယ် ကောင်းလှသော အနာဂတ်အား၊ လမ်းစရသွား၊ မျှော်ပြီးမှု စိတ်တွေ လှုပ်ရှားနေခြင်း ဖြစ်ဟန်တူသည်။ အချိန်မှာ ည (၁၂) နာရီထိုး တော့မည်ဟု နာရီလက်တံများက ညွှန်ပြနေ၏။ ထိုအချိန်၌ သူ့အသွေး အသားများက လက်ဖက်ရည်ကျကျ တစ်ခွက်ကို တောင့်တလာပါသည်။

အဲဒီနောက်တွင်တော့ သူက ညရှုခင်းအား ကျောခိုင်းလျက်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းသို့ သွားကာ လက်ဖက်ရည်တစ်ခွက်ရဖို့ ဖန်တီးလေတော့သည်။ ဒီမီးဖိုခန်းသည် သူသုံးနှစ်တိတိ အသုံးပြုပြီးသားမို့ အရာရာတွင် ရင်းနှီးကျွမ်းဝင်နေသည်။ လက်ဖက်ရည်ဖျော်ရန် နို့ဆီ၊ သကြား၊ ရေနွေး... အားလုံး ရှိနေသော်လည်း အဓိကကျသည့် လက်ဖက်ခြောက်သည် လုံးဝမရှိတော့။

သူက စိတ်မပျက်ဘဲ ဘယ်လိုနည်းဖြင့် လက်ဖက်ရည်တစ်ခွက် ရနိုင်မလဲဆိုတာကို စဉ်းစားနေမိသည်။ အခုချိန်ဆို ရပ်ကွက်ထဲမှ လက်ဖက်ရည်ဆိုင်တွေ အားလုံးလည်း ပိတ်ကုန်ပြီ။ ဒီနေရာမှ ခပ်လှမ်းလှမ်းရှိ ကားဂိတ်ဆီသို့ သွားမည်ဆိုရင်တော့ မိုးအလင်းဖွင့်သော လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ရနိုင်သည်။ ဒါပေမယ့် သူက ထိုနေရာကို သွားရန် ပျင်းရိလှပါသည်။

လတ်တလော၌ လက်ဖက်ရည်တစ်ခွက် သောက်ရဖို့ အဆင်မပြေဖြစ်နေသော သူသည် တစ်စုံတစ်ရာကို သတိရသွားပြီး ပြုံးလိုက်မိ၏။ Teamix (ခေါ်) အသင့်ဖျော်သောက်နိုင်သည့် အထုပ်လေးတွေ ရေခဲသေတ္တာထဲတွင် လက်ကျန်ရှိချင်ရှိနေနိုင်သောကြောင့် ဖြစ်သည်။ သူက မှောင်မှောင်လေး လင်းနေသော မီးဖိုခန်းထဲမှ အလယ်ခန်းရှိ ရေခဲသေတ္တာဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွား၏။ ရေခဲသေတ္တာ တံခါးကို ဆွဲဖွင့်ကြည့်လိုက်တော့ ရေခဲသေတ္တာထဲရှိ ဘယ်အရာကိုမှ သူ သေချာမမြင်ရဘဲ ဖြစ်နေသည်။

မီးလာသော်လည်း မီးအားမပြည့်သဖြင့် ရေခဲသေတ္တာမီးမလင်းခြင်း ဖြစ်ရမည်။ သူက အိပ်ခန်းထဲမှ လက်နှိပ်ဓာတ်မီးကို သွားယူကာ

www.burmeseclassic.com

www.burmeseclassic.com



ရေခဲသေတ္တာဆီ ထိုးကြည့်လိုက်၏။ ရေခဲသေတ္တာထဲရှိ ချဉ်သီးနေသော ကြက်သားဟင်းခွက်မှာ အုံ့ခဲလျက်ရှိသည့် ဖြူတ်ကောင်တွေ ရှုတ်ခနဲ ထပျံကုန်သဖြင့် သူက အနည်းငယ်မျှ နောက်တွန့်သွားမိသည်။ ဒီလို အဖြစ်မျိုးသည် သူ့အတွက် ဘာမှမထူးဆန်းလှပါ။ သူ၏ ရေခဲသေတ္တာ ထဲတွင် အင်းဆက်ပိုးမွှားများ လွယ်ကူစွာ အသက်ရှင်သန်နေနိုင်ကြ ပါသည်။ လက်နှိပ်ဓာတ်မီးမှ အလင်းရောင်သည် ရေခဲသေတ္တာအနှံ့ ပြေးလွှားခုန်ပျံနေ၏။

အိပ်ဆေးပြားတစ်ကတ်၊ ခရမ်းချဉ်သီးသုံးလုံး၊ ကြက်ဥနှစ်လုံး နှင့် မုန်ညင်းဖြူတစ်စီးတို့က ရေခဲသေတ္တာထဲမှာ အသီးသီး နေရာယူ ထားကြသည်။ အိပ်ဆေးပြားများသည် အာနိသင် ပြယ်လွင့်နေလောက် ပြီ။ ခရမ်းချဉ်သီးသုံးလုံးမှာ ပုတ်ရိပျော့ဖတ်နေပြီး ကြက်ဥနှစ်လုံးသည် ရေခဲသေတ္တာထဲရှိ အငွေ့ဓာတ်ကြောင့် အကောင်ပေါက်တော့မလားတောင် ထင်မှတ်စရာ ဖြစ်၏။ မုန်ညင်းဖြူတစ်စီးမှာလည်း နွမ်းနယ်ခြောက်သွေ့ ကာ နဂိုထက် သုံးပုံတစ်ပုံခန့် သေးကျုံ့ဝင်နေလေသည်။

သူသည် မျက်မှောက်ကုပ်လျက် ရေခဲသေတ္တာတံခါးကို အငြိုးမကျ စွာ ပြန်ပိတ်လိုက်၏။ ရေခဲသေတ္တာထဲ၌ သူလိုချင်သော Teamix ထုပ်လေးများ မရှိတော့ပါ။ သူက နှုတ်ခမ်းလှုပ်သည့်ဆိုရုံမျှ တစ်ကိုယ် ကည်း ဆဲရေးပစ်လိုက်ပြီး စောစောတုန်းက နေရာကို ပြန်သွား၍ ညရှုခင်း တွေကို ကြည့်နေပြန်သည်။

'အထီးကျန်အလွမ်းသမား' ဘွဲ့ရ ထိုလူမှာ ညထဲတွင် တစ်စုံတစ် ရာကို အရသာရှိနေပုံ ရ၏။ ပြီးတော့ သူက ကြယ်ပွင့်များကို လက်ညှိုး

www.burmeseclassic.com



ဟိုးကာ ရေတွက်ကြည့်နေတော့သည်။ သူ့အပြုအမူများသည် မေးခွန်းဆန်လွန်းနေ၏။ အဲဒါကြောင့်လည်း သူ့ကို အရပ်က ပဟေဠိလူသားတစ်ယောက်အဖြစ် သဘောထားဆက်ဆံနေကြခြင်းလေသည်။ လက်ဖက်ရည်သောက်ဖို့ ကိစ္စကို သူခဏမေ့လျော့သွား၏။

သူ၏ ကြယ်တွေကို ရေတွက်နေပုံသည် ပကတိ ဖြူစင်ရိုးသားမှုအား ကိုယ်စားပြုထားသလို ဖြစ်ပါသည်။ သူသည် ကြယ်တွေကို မကြာခဏမှားယွင်းရေမိသောကြောင့် အစမှ ပြန်ပြန်ရေတွက်နေရ၏။ ကြယ်တွေရေရတာ နည်းနည်းကြာလာတော့ သူ့ထံသို့ လက်ဖက်ရည်သောက်ချင်စိတ်က ပြန်ရောက်လာသည်။ ပြတင်းပေါက်မှ ချက်ချင်း သူထွက်ခွာသွား၏။ ဒီတစ်ခါတော့ သူက မီးဖိုခန်းကို သွားတာ မဟုတ်။ သူဦးတည်သွားနေသော နေရာမှာ ဒီရပ်ကွက်နှင့် အတန်ငယ်လှမ်းသည့် အလင်းဆိုင်လေးဆီသို့ ဖြစ်ပါသည်။

♛ ♛ ♛

ခြေသံမှန်မှန်နှင့် လမ်းလျှောက်နေသည့် သူ့ကိုယ်ပေါ်၌ လရောင်က လွှမ်းခြုံထား၏။ သူ လျှောက်လာရာလမ်းရဲ့ ဘယ်၊ ညာ တစ်ဖက်တစ်ချက်စီမှာ ညမွှေးပန်းရနံ့များ သင်းပျံ့စွာ မျောလွင့်နေကြသည်။

ယခုအခါ အထီးကျန်အလွမ်းသမားသည် သူ့ခြေလှမ်းတိုင်းကိုလေးနက်မှုအပြည့်နဲ့ လျှောက်လှမ်းလျက် ရှိ၏။ လရောင်၏ ဖြားယောင်းသော ဆွဲငင်အားတစ်မျိုးသည် သူ့ကိုယ်ထဲတွင် လူးလွန့်ယိမ်းထိုးနေပြီး ပျော်ရွှင်နူးညံ့မှု မှန်သမျှကို လှုံ့ဆော်နေ၏။ ဒီလိုညမျိုးနှင့် ညမွှေးပန်း

www.burmeseclassic.com

www.burmeseclassic.com



ရန့်တို့မှာ အထူးလိုက်ဖက်လှသည်။ လူ့ဘဝကို မငြီးငွေ့တော့ဘဲ တပ်မက်စိတ်တွေ ပွားများလာခြင်းသည် တစ်နည်းအားဖြင့် သူ့အတွက် ပို၍ လူသားဆန်လာခြင်းလည်း ဖြစ်၏။

ည၏ လူခြေတိတ်ဆိတ်မှုထဲတွင် သူသည် လက်ဖက်ရည် ဆာလောင်ခြင်းသာ မရှိပါက အခုအချိန်မှာ တော်တော်ပြီးပြည့်စုံသည့် အခိုက်အတန့်လည်း ဖြစ်ပါသည်။ သို့သော် အလုံးစုံ လိုတရနေလျှင်လည်း လူသား၏ ဖြစ်တည်မှုသည် မရှိနိုင်တော့။ ကမ္ဘာမြေကြီးက လူသားများအတွက် လက်ဆောင်ပေးထားသော သဘာဝတရားကိုယ်တိုင်၌ ချွင်းချက်တွေ ရှိသဖြင့် အားလုံးမှာ အမှားလက္ခဏာကိုယ်စီ ပါလာခဲ့ကြဟန်တူပါသည်။

သူက လမ်းလျှောက်ရင်းမှ ဖွဖွလေး ပြုံးလိုက်မိ၏။လမင်းသည် သူ့ဦးခေါင်းပေါ်တည့်တည့်၌ ရှိနေလေသည်။ သူ့ရဲ့ ဦးတည်ချက်ဖြစ်သော အလင်းဆိုင်လေးမှာ တစ်စထက် တစ်စ ပိုမိုနီးကပ်လာနေသည်။

လရောင်အောက်တွင် ညသည် လင်းချင်းဝင်းပစွာ အသက်ဝင်လျက် ရှိ၏။ သူ့နှုတ်ခမ်းမှာ ချိတ်ဆွဲနေသော အပြုံးလေးသည် ညမွှေးပန်းရန့်တွေကို လှမ်း၍ ကြည်စယ်လိုက်ပါသည်။

♛♛♛

နာမည်ပေးမထားသည့် အလင်းဆိုင်ဆီကို အခုတော့ သူ တကယ်ရောက်လာခဲ့ပြီ။ ဆိုင်ပိုင်ရှင်အဘိုးကြီးက ကောင်တာမှာ ထိုင်ပြီး ငိုက်မြည်းနေ၏။ စားပွဲထိုးကောင်လေးတစ်ယောက်က သူ့ဆီလာမေး

www.burmeseclassic.com


သည်။

"ဘာသုံးဆောင်မလဲခင်ဗျာ"

"လက်ဖက်ရည်ကျကျ တစ်ခွက်"

စားပွဲထိုးလေးက သူမှာကြားချက်အတိုင်း 'လက်ဖက်ရည်ပုံမှန် တစ်ခွက်'ဟု ဖျော်ဆရာကို လှမ်းအော်လိုက်ပါသည်။ အိပ်ငိုက်နေသော ကောင်တာမှ အဘိုးကြီးက စားပွဲထိုးကောင်လေး၏ အော်သံကြောင့် မျက်လုံးကို တစ်ချက် လှန်၍ကြည့်သည်။ အထီးကျန်အလွမ်းသမားကို မြင်လိုက်ရသဖြင့် ဆိုင်ရှင်အဘိုးကြီး ဝမ်းသာသွား၏။

ထိုအခိုက် အထီးကျန်အလွမ်းသမား၏ အကြည့်တွေက ဆိုင် ကောင်တာဖက်ဆီ ရောက်သွားသည်။ ဆိုင်ရှင်အဘိုးကြီးက လက်တစ် ဖက်ကို မြှောင်ပြရင်း၊ သူ့အား လှမ်းနှုတ်ဆက်လေသည်။ သူက ဥက္ကဌ ရရပင် ခေါင်းကို အသာဆတ်ပြလိုက်၏။ အဘိုးကြီးသည် သူထိုင်နေသော ဝိုင်းသို့ အားရဝမ်းသာစွာ ထလာ၏။

"ဘယ်လိုလဲဗျ... မလာတာ ကြာနေပြီနော်"

"ဟုတ်လား"

"ဟုတ်တယ်လေ... ခင်ဗျား ကျုပ်ဆိုင်ကို မလာတာ တစ်လ လောက် ရှိနေပြီ"

"အင်း.. အဲဒါဆိုလည်း ဟုတ်မှာပေါ့။ ကျွန်တော်ကတော့ အချိန်ကာလတွေ၊ နေ့တွေ၊ ညတွေကို သိပ်သတိထားဖြစ်ပါဘူး"

သူ့စကားက ယုတ္တိဗေဒနှင့် တော်တော်အလှမ်းဝေးနေသော်လည်း အဘိုးကြီးကတော့ ဘာမှ အံ့ဩစရာ မဟုတ်သလို ပြုံး၍နား


www.burmeseclassic.com

www.burmeseclassic.com


ထောင်နေ၏။ ဆိုင်ထဲ၌ သူ့အပြင် ကောင်မလေးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည့် တခြားဝိုင်းတစ်ဝိုင်းကလည်း ရှိနေ၏။ တစ်ဖက်ဝိုင်းမှ အမျိုးသမီးနှစ်ဦးက သူ့စကားတွေကို နားစွင့်လျက် ရှိသည်။ ဆိုင်ရှင်အဘိုးကြီးက ပြောလိုက်၏။

"ကျုပ်နဲ့မတွေ့တဲ့ ဒီတစ်လလုံးလုံး ခင်ဗျား ဘာတွေ လုပ်နေသလဲ"

"ကျွန်တော်လား... လျှောက်သွားလိုက်၊ လျှောက်စားလိုက်၊ လျှောက်တွေးလိုက်ပါပဲ။"

အဘိုးကြီးက သူ့စကားကြောင့် မျက်နှာရှုံ့မဲ့သွား၏။ ဒါပေမယ့် သူ့အကြောင်း သိပြီးသားမို့ အထွေထူး စောဒကတက်မနေတော့ဘဲ စကားကို တခြားသို့ လွှဲပစ်လိုက်ပါသည်။

"ကျုပ်ကတော့ ပြီးခဲ့တဲ့ တစ်လလုံးလုံး စစ်တုရင်ရုပ်တွေနဲ့ လေ့ကျင့် နေတာဗျ။ ခင်ဗျားကို ပြီးခဲ့တဲ့ပွဲမှာ ရှုံးသွားလို့ အဲဒီအကွက်ကို သေချာ ပြန်လေ့လာနေတာ။ ခင်ဗျားက တခြားနေရာတွေမှာသာ သင်သလို ပြောတတ်ပြီး အရူးတစ်ယောက်လို နေထိုင်ပေမယ့် စစ်တုရင်မှာကျတော့ Master တစ်ယောက်ပဲ။ ကျုပ်က ဒီနယ်ပတ်ဝန်းကျင်မှာ ကိုယ့်ကိုယ်ကို တတ်လှပြီ မှတ်နေတာ၊ ခင်ဗျားနဲ့တွေ့မှပဲ ရှုံးရတော့တယ်"

"ဒါကတော့ဗျာ... ခင်ဗျားက စစ်တုရင်ပွဲကို ဦးနှောက်ကြီး သုံးပြီး စဉ်းစားတာကိုးဗျာ၊ ရှုံးမှာပေါ့"

"ဘာ...ဘယ်လို...ဒါ... ဖါဖြင့် ခင်ဗျားက..."

အဘိုးကြီးက အလန့်တကြားဟန်ဖြင့် ဖုံ့ဩသင့်နေဆဲ၊ သူက


www.burmeseclassic.com

www.burmeseclassic.com


ပိပိရိရိဖြတ်ပြောလိုက်လေသည်။

"ကျွန်တော်က ဘဝတစ်လျှောက်လုံး ရှိသမျှ ပြိုင်ပွဲတွေ၊ စာမေးပွဲတွေ၊ အရည်အချင်းစစ်ပွဲတွေအားလုံးကို တစ်ခါမှ ဦးနှောက်နဲ့ မစဉ်းစားခဲ့ဖူးဘူး။ နှလုံးသားနဲ့ပဲ စဉ်းစားယှဉ်ပြိုင်ခဲ့တာ"

သူ့စကားကြောင့် အဘိုးကြီး၏ မျက်နှာ ဝင်းပသွားပါသည်။ သူသည် စားပွဲထိုးကောင်လေး လာချပေးသော လက်ဖက်ရည်ခွက်ကို တစ်ထိုင်တည်း မော့ချပစ်လိုက်၏။ ဘေးနားဝိုင်းမှ ကောင်မလေးက သူ့ကို ငေးကြည့်နေတာကို သူ ရိပ်မိသွားသည်။ အဘိုးကြီးဆီက စကားသံကြားရ၏။

"ကဲ... အခုရော ဘယ်လိုလဲ၊ စစ်တုရင်ကစားမလား၊ ကြေတုန်းကျုပ်ကို တစ်ကွက်၊ နှစ်ကွက်လောက်ဖြစ်ဖြစ် သင်ပေးခဲ့ပါဦးဗျ"

"တော်ပါပြီ၊ လောလောဆယ် ကျွန်တော် စစ်တုရင် မကစားချင်ဘူး။ အိမ်ပြန်ချင်တယ်။ လက်ဖက်ရည် ပါဆယ်တစ်ခွက်ထပ်ပေး။ ငြိမ်းမေတ္တာ ဘယ်လောက်ကျသလဲဆိုတာကိုပါ တစ်ခါတည်းတွက်..."

အထီးကျန်အလွမ်းသမားက ထိုသို့ ဆိုလိုက်ရင်း သူ့အိတ်ကပ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်လိုက်ပါသည်။ ငွေစက္ကူတွေက အသစ်စက်စက်တွေမို့ တရွှန်းရွှန်းအသံများ ထွက်ပေါ်နေ၏။ အဘိုးကြီးက သူ့ကို အံ့သြစွာ ပြောပြန်သည်။

"လက်ဖက်ရည်ဖိုး ပေးစရာ မလိုပါဘူး။ ကျုပ်က ခင်ဗျားကို ဒါနပြုလိုက်တယ်လို့ သဘောထားပါ၊ ခင်ဗျားက တကယ့်လူထူးလူဆန်းကစ်ယောက်ပဲ။ ကဲ...အခု စစ်တုရင်မကစားချင်ဘူး ဆိုတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားကို ကျုပ် သိချင်တာလေး၊ တစ်ခုလောက် မေးပါရစေ။ စပ်စုတယ်လို့ မထင်ပါနဲ့''

''မေးကြည့်လေ''

''ခင်ဗျားဟာ ဘာအလုပ်မှလည်း မလုပ်ဘူး။ ထင်သလို နေတယ်။ သွားချင်ရာ သွားတယ်။ အဲဒီလို နေလာတာလည်း နှစ်တွေ မနည်းတော့ဘူး။ ဒါပေမယ့် ခင်ဗျားဆီမှာ ငွေလိုတာမျိုး ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးဘူး။ အမြဲလိုလို ခင်ဗျားအိတ်ထဲမှာ ငွေတွေ အများကြီးရှိနေတာချည်းပဲ။ အဲဒီငွေတွေကို ခင်ဗျား ဘယ်ကရသလဲဟင်''

အဘိုးကြီး၏ မေးခွန်းအဆုံးတွင် သူက အားရပါးရအော်ရယ်ပစ်လိုက်လေသည်။ တော်တော်ကြာအောင် ရယ်နေပြီးမှ သူက ရယ်သံကို ဖြည်းဖြည်းချင်း လျှော့ချ၍ အဆုံးသတ်ပါသည်။

''ဒါများဗျာ... ကျွန်တော် ပိုက်ဆံလိုနေရင် ကောင်းကင်ကြီးကို မော့ကြည့်ပြီး 'ဟေး'လို့ အားရပါးရအော်ပစ်လိုက်တယ်။ ဒါဆို ဘုရားသခင်က ကျွန်တော့်ဆီမှာ ပိုက်ဆံမရှိတော့ဘူးဆိုတာ သဘောပေါက်သွားပြီ။ အဲဒီကျရင် ဘုရားသခင်က ကျွန်တော့်အတွက် မိုးပေါ်ကနေ ပိုက်ဆံတွေ ပစ်ချပေးတယ်လေ။ ကျွန်တော်က သူ့ကို 'ကျေးဇူး'လို့ ခေါင်းတစ်ချက် ညိတ်ပြလိုက်ရုံပဲ။ ပိုက်ဆံရှာရတာ လွယ်လွယ်လေးပါဗျ''

သူ့စကားကြောင့် အဖိုးကြီးရော ဘေးဝိုင်းမှ သူပြောသမျှကို နားစွင့်နေသူ အမျိုးသမီးနှစ်ယောက်ရော ...အကြီးအကျယ် အံ့သြ၍ သွား၏။ ထိုအချိန်၌ စားပွဲထိုးကောင်လေးက သူမှာထားသော လက်ဖက်ရည်ပါဆယ်ထုပ်ကို လာပေးပါသည်။ သူက လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ပါဆယ်ထုပ်ကို လှမ်းယူလိုက်ကာ ပြန်ဖို့ ပြင်ဆင်လိုက်သည်။

"ကဲ . . . ကျွန်တော်သွားလိုက်ဦးမယ်"

"နေပါဦးဗျာ... ခင်ဗျားဆီမှာ ဘာတွေ အရေးတကြီးလုပ်စရာ ရှိလို့လဲ"

"ရှိတာပေါ့ဗျ... ကျွန်တော်အိမ်ပြန်ရောက်ရင် ဘဝတစ်လျှောက် လုံး ရှာဖွေနေခဲ့တဲ့ သစ္စာတရားက တံခါးဝမှာ ကျွန်တော့်ကို စောင့်နေလိမ့် မယ်။ ဒီညတော့ ကျွန်တော် သူနဲ့ ပူးပေါင်းပြီး လူသားတစ်ယောက်အနေနဲ့ အကြီးကျယ်ဆုံး ကိစ္စတစ်ခုကို ဆောင်ရွက်ဖို့ ရှိတယ်ဗျ။ ကျွန်တော်သွားမှ ဖြစ်မယ်"

ပြောပြီး သူက မတ်တတ်ထရပ်လိုက်ပါသည်။ အဘိုးကြီးက ကျုံ့သြသင့်စွာ ငေးကြောင်နေဆဲ တစ်ဖက်ဝိုင်းဆီမှ အသက်ကြီးကြီး အမျိုး သမီး၏ စကားသံက ဖြတ်ဝင်လာ၏။

"ဒါဆို ရှင့်ကို ကျွန်မ တစ်ခုလောက် ပြောကြည့်ပါရစေ"

သူက မျက်မှောင်ကို ကုတ်ပြီး အမျိုးသမီးကြီးကို 'ပြောလေ' ဆိုသည့် အဓိပ္ပာယ်ဖြင့် မေးတစ်ချက် ဆတ်ပြလိုက်ပါသည်။

"ရှင် ခုနက ပြောတဲ့စကားကို ကျွန်မ ကြားလိုက်တယ်။ ဒီည မှာ လူသားတစ်ယောက်အနေနဲ့ အကြီးကျယ်ဆုံး ကိစ္စတစ်ခုကို လုပ်မယ် ဆိုလား၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်"

သူက တည်ကြည်စွာ ပြန်ပြောလိုက်၏။

"အဲဒါဆိုရင် ရှင့်အိမ်ကို ပြန်တဲ့အခါ ညည့်သည်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လောက် ခေါ်သွားဖို့ ကျွန်မက အကြံပေးချင်တယ်။ ဒါပေမယ့် ကျွန်မကို ပိုက်ဆံနည်းနည်းပါးပါးတော့ ပေးခဲ့ရမယ်နော်၊ ဘယ်လိုလဲ"

"ဘယ်မှာလဲ ညွှံသည်က..."

အမျိုးသမီးကြီးက သူမ၏ရှေ့တွင် ထိုင်နေသော ကောင်မလေးအား လက်ညှိုးဖြင့် ညွှန်ပြကာ သူ့အမေးကို ပြန်ဖြေလိုက်ပါသည်။

"ဒီမှာလေ... သူက ရှင့်ကို ညွှံသည်လုပ်ပေးပါလိမ့်မယ်"

သူ၏ စူးစမ်းသလို အကြည့်ကြောင့် ကောင်မလေးက ခေါင်းကို ငုံ့ချသွား၏။ အထီးကျန်အလွမ်းသမားသည် ကောင်မလေးကို ငြင်းဆန်လိုက်သည်။

"ဒီလိုညမျိုးမှာ ညွှံသည်ဆိုတာ အမိုက်ပဲ။ ကျွန်တော့်အတွက် ညွှံသည် မလိုပါဘူး။ ဒါပေမယ့် ခင်ဗျားလိုချင်တဲ့ ပိုက်ဆံအနည်းအကျဉ်းကိုတော့ ကျွန်တော် ပေးလိုက်ပါ့မယ်။ ရော့... ဉာဏ်ရှိသလို သုံး"

အနည်းအကျဉ်းဆိုသော်လည်း သူက အမျိုးသမီးကြီးအား ငွေစက္ကူတွေကို အထပ်လိုက် ပေးပစ်လိုက်၏။ အမျိုးသမီးကြီးမှာ မထင်မှတ်သော အခြေအနေမို့ ဝမ်းသာလုံး ဆို့နေလေသည်။ ကောင်မလေး သတိပေးမှ သူမက ပိုက်ဆံတွေကို ယူဖို့ လက်ကမ်းလိုက်မိသည်။ သူက သူမကို ပိုက်ဆံတွေ ပေးလိုက်ပြီး ဘာမှပြောစရာ မရှိတော့ပြီမို့ ထိုလက်ဖက်ရည်ဆိုင်လေးက ထွက်ခွာရန် စတင်ခြေလှမ်းလိုက်ပါသည်။ ရုတ်တရက်အဘိုးကြီးဆီမှ စကားပြောသံ ပေါ်ထွက်လာ၏။

"နေပါဦးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com


သူက အဘိုးကြီးအား သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

"ပြော..."

"ခင်ဗျား ဒီညလုပ်မယ်ဆိုတဲ့ လူသားတစ်ယောက်အနေနဲ့ အကြီးကျယ်ဆုံးအလုပ်ဆိုတာ ဘာလဲဟင်၊ ကျုပ် သိခွင့်ရှိမလား"

အထီးကျန်အလွမ်းသမားသည် လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ပြီး အဘိုးကြီးကို ပြန်ဖြေပါသည်။

"ဟိုမှာ တွေ့လား"

သူက လမင်းကြီးအား လက်ညှိုးထိုးပြရင်း မေး၏။

"လကို ပြတာလား တွေ့တယ်"

"ကျွန်တော် ဒီည အဲဒီလမင်းကို သစ္စာတရားရဲ့ အကူအညီနဲ့ ဆုတ်ဖြဲပစ်မယ်။ အဲဒါ လူသားတစ်ယောက်အအနေနဲ့ အကြီးကျယ်ဆုံး လုပ်ဆောင်မှုပဲ"

"ဘာအဓိပ္ပာယ်လဲဗျ၊ ကျုပ်တော့ နားမလည်ဘူး"

"ကျွန်တော့်ကို အဓိပ္ပာယ်လာမမေးနဲ့။ ကျွန်တော့်ရဲ့ လုပ်ဆောင်ချက်တွေအားလုံးဟာ အဓိပ္ပာယ်တွေရဲ့ အထက်မှာ ရှိတယ်လို့ ခင်ဗျား မှတ်ထားရင် ရပြီ...ဟုတ်လား၊ ကျွန်တော် သွားတော့မယ်"

သူသည် ပါးစပ်အဟောင်းသားဖြင့် သူ့ကျောပြင်ကို လိုက်ကြည့်နေမည့် အဘိုးကြီးနှင့် အမျိုးသမီးနှစ်ဦးအား အလင်းဆိုင်လေးတွင် စွန့်ခွာထားရစ်ခဲ့၏။ တရွေ့ရွေ့နှင့် သူ့ခြေလှမ်းများသည် အလင်းဆိုင်လေး၏ အဝေးဆုံးဆီသို့ ဦးတည်သွားလေတော့သည်။

♛♛♛


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မိုးလင်းသောအခါ သူ့အိမ်ခန်းအတွင်း၌ အသက်ဝိညာဉ်ကင်းမဲ့နေသည့် အထီးကျန် အဂွမ်းသမား၏ သတင်းသည် အထူးလူပြောများလျက် ရှိသည်။ သူ့အလောင်း၏ ဘေးနားတွင် သောက်လက်စ လက်ဖက်ရည်ခွက် တစ်ခွက်နှင့် သူ အဆုံးသတ်လက်မှတ်ထိုးထားသည့် ကဗျာတစ်ပုဒ်ကို တွေ့ရ၏။ သူ့လက်မှတ်မှာ ရှုပ်ထွေးလွန်း နေပြီး ထိုလက်မှတ်ကို ကြည့်ရုံဖြင့် သူ၏ ကလောင်နာမည်ကို သိရန်မှာ ခက်ခဲလှသည်။ ကဗျာထဲမှ သူရေးထားသော စကားလုံးများကလည်း သူ့လက်မှတ်ကဲ့သို့ပင် နားလည်ရခက်နေ၏။

သို့သော်... သူက ထိုကဗျာကို ခေါင်းစဉ်တစ်ခုတော့ တပ်ထားခဲ့၏။ သူ့ကဗျာခေါင်းစဉ်မှာ 'လက်ကို ဆုတ်ဖြဲသူ၏ အတ္ထုပ္ပတ္တိ'ဟူ၍ ဖြစ်လေသည်။

ချယ်ရီမင်္ဂဇင်း

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ၁၉၉၅ ခုနှစ်က ငတုံးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကို ငုံ့ကြည့်၍ လမ်းလျှောက်နေသော တေလေတစ်ယောက်သည် ယခုဝါကျမှစ၍ သင့်ဆီသို့ တစ်လှမ်းချင်း ရောက်လာတော့မည် ဖြစ်သည်။ ၁၉၉၅–ခုနှစ်တုန်းက ငတုံးတစ်ယောက်အဖြစ် သူ့ဆယ်တန်းစာမေးပွဲကို ကျရှုံးခဲ့ဖူး၏။ ၂၀၀၅ ခုနှစ်သို့ ရောက်မလာအခါ ထိုငတုံးသည် လူတွေကြား၌ နလပိန်းတုံးဟူ၍ ထင်ရှားလာပါသည်။

သူ့နာမည်သည် ငတုံးမှ နလပိန်းတုံးဟု ပြောင်းလဲသွားခဲ့ရသော်လည်း သူကတော့ အားလုံးနဂိုအတိုင်းပဲ ရှိနေဆဲဟု ထင်ပါသည်။

ဒါကို ဘယ်သူမှ မယုံကြဘူးဆိုတာ သူက သိ၏။ ဦးနှောက်၏ တိုးတွင်းသိမြင်မှုဆိုင်ရာ၌လည်း အရင်နှင့် ဘာမှ မထူးခြား။ ရယ်းကားတတ်သော အကျင့်နှင့် အမှန်တရားအား ချစ်မြတ်နိုးသည့်စိတ်သည်လည်း လုံးဝမပြောင်းလဲ။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၌လည်း ဟိုတုန်းကအတိုင်း အဝတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ထည် ကိုယ်တစ်ခု၊ တော်လှန်သောအမြင်နှင့် လူ့အဖွဲ့အစည်းအပေါ် သဘောထားကလည်း တုပ်တုပ်မျှ မလှုပ်သည့် ကျောက်ရုပ်...၊ ဆယ်နှစ်အတွင်း သူ တကယ်ပြောင်းလဲသွားခဲ့ရသည်က တုံးဆိုသည့် နာမည်မှ နလပိန်းတုံးဟူသော နာမည်တစ်ခုသာ ရှိလေသည်။ (နာမည်လေး ပြောင်းသွားရုံနှင့် လူတစ်ယောက် ပြောင်းလဲမသွားဘူးလို့ သူက ယူဆထား၏။)

သူသည် အစစ၊ အရာရာ၌ ရည်ရွယ်ချက်ရှိရှိ မပြောင်းလဲဘဲ ပြုမူနေထိုင်သူ မဟုတ်။ တကယ့်ကို မတော်တဆ ဟောင်းနွမ်းစွာ အရင်အတိုင်း ရှိနေရခြင်း ဖြစ်ပါသည်။

သို့သော် အံ့ဩစရာကောင်းသည်မှာ သူ့ပတ်ဝန်းကျင်ရှိ လူများ၏ သတ်မှတ်ချက်ကို ဖြစ်သည်။ ဒီလောက် အဟောင်းအနွမ်းတွေနဲ့ အသက်ရှူနေထိုင်သူကိုမှ ပတ်ဝန်းကျင်သည် နာမည်ပြောင်းပစ်၏။ အစပိုင်းကာလများ၌ သူသည် သူ့နာမည်ကို နလပိန်းတုံးလို့ မခေါ်ရန်နှင့် တုံးလို့သာ ခေါ်ရန် ပတ်ဝန်းကျင်အား တောင်းပန်ကြည့်သေးသည်။ ဒါပေမယ့် ပတ်ဝန်းကျင်သည် သူ့ကို အားမနာဘဲ နလပိန်းတုံးဟုသာ ဆက်လက်ခေါ်ခဲ့ကြပါသည်။ ထိုအခါ သူက ပတ်ဝန်းကျင်ကြီးကို ဘာမှ ထပ်မပြောတော့ဘဲ သူတို့ပေးသည့် နာမည်အား မကျေမနပ်နှင့် လက်ခံလိုက်ရလေတော့သည်။

ပတ်ဝန်းကျင်ဆိုသည်မှာ လူတစ်ယောက်၏ နာမည်ကို ပြောင်းလဲခွင့်ရှိသလား။ သူ မသိပါ။ သူသည် တုံးတစ်ယောက်သာ ဖြစ်ပါသည်။ သူများတွေက သူ့ကို နလပိန်းတုံးဟု ခေါ်ကြသော်လည်း သူ့အရိုး



www.burmeseclassic.com

www.burmeseclassic.com



ထဲအထိ စွဲလမ်းနေသော နာမည်မှာ ငတုံးဆိုတဲ့ နာမည်ပဲ ဖြစ်သည်။ ဆယ်နှစ်လုံးလုံး ဘာဆို၊ ဘာမှ ပြောင်းလဲခြင်း မရှိသော သူ့အား ပတ်ဝန်းကျင်သည် နာမည်ပြောင်းပစ်ခဲ့ပြီ။ အဲဒီနည်းဖြင့် သူသည် သတင်းစာ၌ နာမည်ပြောင်းထည့်စရာ မလို၊ အပေါင်းအသင်းတွေကို ကျွေးမွေးညှိခံစရာ မလို၊ မှတ်ပုံတင်အသစ်လုပ်စရာ မလိုဘဲ နာမည်ပြောင်းလဲသွားခဲ့ရပါသည်။

♛♛♛

ထိုကဲ့သို့ သူ့နာမည်ပြောင်းလဲသွားသည့်အတွက် သူ ဝမ်းမနည်းပါ။ ဝမ်းလည်းမသာပါ။ ဘာမှမဖြစ်ပါ။ သူ့စိတ်က လွန်ခဲ့သော ဆယ်နှစ်ကာလတုန်းကအတိုင်း ဘယ်အရာကိုမှ သိပ်ဂရုမစိုက်ပါ။ ဒါကြောင့်ပင် ပတ်ဝန်းကျင်၌ နလပိန်းတုံးဆိုသော သူ့နာမည်မှာ ပိုမို ကျော်ကြားလာခဲ့ပါသည်။

လမ်းထဲမှ ရပ်ကွက်၊ ရပ်ကွက်မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှတိုင်း၊ တိုင်းမှတစ်ဆင့် တစ်နိုင်ငံလုံး၊ အတိုင်းအတာအထိ သူ့နာမည်မှာ ပျံ့နှံ့၍သွားသည်။ တစ်လအတွင်း၊ သူ အကြီးအကျယ် ကျော်ကြားထင်ရှားလာလေသည်။

သူသည် အခုဆို ရုပ်ရှင်အဆိုတော်တွေ၊ ရုပ်ရှင်မင်းသားတွေနှင့် ကစ်တန်းတည်း ဖြစ်သည်။ (တချို့ လေ့လာသူများ၏ အဆိုအရ သူကပင် ပိုသေးသည်ဟု သိရ၏။) သူ့အကြောင်းတွေကို ဂျာနယ်၊ မဂ္ဂဇင်းများအား သူတို့ ထင်သလို (သို့မဟုတ်) ဖတ်၍ လူစိတ်ဝင်စားအောင် ကြံဖန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရေးကြပြန်သည်။ သူ့ဆီ အင်တာဗျူးတွေ၊ မိတ်ဆက်စာတွေ စုပြုံပြီး နေ့စဉ်ရောက်လျက် ရှိ၏။ သူ့အတ္တုပ္ပတ္တိကို စာအုပ်ထုတ် ချင်သူတွေ၊ သူ့ရုပ်ပုံကိုသုံးပြီး ကုန်ပစ္စည်းကြော်ငြာချင်သူတွေ၊ သူ့ဘဝ ဇာတ်ကြောင်းကို ရုပ်ရှင်ရိုက်ချင်သည့် ပရိုဂျူဆာတွေ... သူ့အိမ်ရှေ့မှာ ခြေချင်းလိမ်နေကြသည်။ ပိုက်ဆံတွေက အလကားနေရင်းကို ရနေ၏။ ကျော်ကြားကြေးဆိုတာတွေလည်း ရသည်။

ပထမဆုံးအကြိမ်အဖြစ် သူက 'နလပိန်းတုံး' ဆိုသည့် နာမည်အား စ၍ သာယာမိလာတော့သည်။ သူ့ကြော်ငြာနှင့် ပြက္ခဒိန်တွေ က အရမ်းပေါက်လျက် ရှိ၏။ ငွေကြေးနှင့် ကျော်ကြားမှုကြောင့် ရသော စည်းစိမ်၌ သူ ယစ်မူးလာသည်။ အရင်လို သူအားအားယားယား နေလို့ မရတော့။ အလုပ်တွေ များသဖြင့် အချိန်ကို လုနေရသည်။ ရှုတင်သွား၊ ကြော်ငြာတွေ၊ ပြက္ခဒိန်တွေရိုက်၊ ညှိခံပွဲတွေ၊ အခမ်းအနားတွေ တက်နှင့် ဆယ်နှစ်လုံးလုံး ဘာအပြောင်းအလဲမှ မရှိခဲ့သော သူ့ဘဝ ရှင်သန်မှုသည် တစ်လအတွင်း ရုတ်ချည်း ပြောင်းလဲသွားခဲ့၏။

သူ့မှာ အသက်အန္တရာယ်အတွက် လုံခြုံရေးဝန်ထမ်းတွေ ငှားရ သည်။ အတွင်းရေးမှူးနှင့် စီမံခန့်ခွဲမှု မန်နေဂျာကိုလည်း ခန့်ထားရသည်။ ပိုင်ဆိုင်လာသည့် ပစ္စည်းဥစ္စာတွေကို ရန်သူမျိုးငါးပါးကြောင့် မပျက်စီးရ လေအောင်လည်း သူ စီစဉ်ရပြန်သည်။ ဒီလိုနှင့် သူ့မှာ စိတ်သောကတွေ ဖိစီးသည့် ဝေဒနာစွဲကပ်လာတော့သည်။ တဖြည်းဖြည်းနှင့် သူသည် စက်ရုပ်တစ်ရုပ်လို နေ့စဉ်ရှင်သန်နေရသော သူ့ကိုယ်သူ မုန်းတီးစက်ဆုပ် လာမိ၏။ ဒါဟာ တကယ့် နလပိန်းတုံးတစ်ယောက်ရဲ့ ဘဝဆိုတာ သူ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါပြီ။

အခုတော့လည်း သူက ဆယ်နှစ်လုံး အပြောင်းအလဲ မရှိခဲ့သည့် 'ငတုံး' ပဲ ပြန်ဖြစ်ချင်တော့သည်။ ဝင်္ကြေးတစ်ခုလို စည်းစိမ်များကြားမှာ လူသားဆန်သော နှလုံးသားနှင့် ငတုံးတစ်ယောက် ဘယ်လိုနေပျော်ပါမည်နည်း။ သူ စဉ်းစားဆုံးဖြတ်လိုက်၏။

"မဖြစ်တော့ဘူး။ ဒီဘဝကနေ ရုန်းထွက်ဖို့ ငါ ကြိုးစားရမယ်"

အဲဒီအချိန်မှ စ၍ သူသည် သူ့ကို ဒီဘဝသို့ ရောက်ရှိလာစေသော အချက်အလက်နှင့် သဲလွန်စများကို စတင် စူးစမ်းလေတော့သည်။

ဘာအလုပ်မှ မလုပ်ဘဲ သူက အချိန်ရှိသရွေ့ ပြဿနာကို စဉ်းစားအဖြေရှာလျက် ရှိသည်။ သူ အလုပ်မလုပ်သည့်အတွက် ဖြစ်လာသမျှ ပြဿနာတွေကို သူ့မန်နေဂျာနှင့် အတွင်းရေးမှူးတို့က သေလုမျောပါး ဖြေရှင်းနေရရှာ၏။

နလပိန်းတုံး တစ်ယောက်၏ စဉ်းစားခန်းများသည် မြောက်လကြာသွားသည့်တိုင် ဘာမှ ထူးခြားမလာခဲ့။ သို့သော် သူသည် မြောက်လတိတိ နက်ရှိုင်းစွာ စဉ်းစားခဲ့ရသဖြင့် သူ့အတွေးအခေါ်များကတော့ သိသိသာသာပင် တိုးတက်လာ၏။ နလပိန်းတုံးတစ်ယောက်အဖြစ်မှ စဉ်းစားတွေးခေါ်မှု မြင့်မားသူ တစ်ယောက်ဘဝသို့ မရည်ရွယ်ဘဲ သူ ရောက်ရှိသွားပါသည်။

သိပ်မကြာမီ သူ့အိမ်ဧည့်ခန်းတွင် ဆောင်းပုဒ်တစ်ခုချိတ်ဆွဲထားတာ တွေ့ရ၏။ သူ စဉ်းစားခန်းဝင်သည့် အချိန်မှစ၍ရေတွက်သော် ခြောက်လနှင့် တစ်ရက်မြောက်နေ့၌ ထိုဆောင်းပုဒ်ကို သူ ရေးခဲ့ခြင်း

www.burmeseclassic.com



ဖြစ်လေသည်။

(ချမ်းသာ၍ အောင်မြင်ကျော်ကြားရန် အချိန် တစ်လခန့်သာ လိုသည်။ တွေးခေါ်ပညာရှင် ဖြစ်ရန်အချိန် ခြောက်လတိတိလိုသည်။ အမှန်တရားကို တွေ့ရှိသူဖြစ်ရန်မှာ တစ်သက်တာလုံး စောင့်စားရပေဦး တော့မည်။)

အဲဒီစာသားများ၏ အောက်တွင် သူက 'ဝေါ့းဘဝသို့ ပြန်ရောက်ဖို့ ကြိုးစားနေသော နလပိန်းတုံး' ဟု ခပ်တည်တည်ပဲ ရေးထားပါသည်။ သူ့အိမ်၌ တစ်နေ့တခြား များပြားလာသည့် ဖလော်ဆိုဖီစာအုပ်များကို တောင်ပုံ၊ ရာပုံ တွေ့ရနိုင်၏။ သူသည် ပတ်ဝန်းကျင်နှင့် အဆင်မပြေသော ဝေါ့းလေးဘဝကို ဂုဏ်သိက္ခာရှိစွာ ပြန်ရောက်ချင်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ကျော်က ဂရိတွေးခေါ် ပညာရှင်ကြီး ဆော့ခရတ္တိကို အေသင်မြို့သားများသည် 'ဖျက်ဆီးသူ အရူး'ဟု စွပ်စွဲကာ ကွပ်မျက်ပစ်လိုက်ကြသည်။ သို့သော် ယခုအခါ၌ ကမ္ဘာကြီးသည် အဲဒီတုန်းက အေသင်မြို့သားများကို လုံးဝ မသိတော့။ ဆော့ခရတ္တိ တစ်ယောက်တည်းကိုသာ ဉာဏ်ပညာ၏ အစောဆုံး ပြယုဂ်အဖြစ် ကမ္ဘာကြီးက မှတ်တမ်းတင်ခဲ့ရသည် မဟုတ်ပါလား။

♛♛♛

ထိုသို့ဖြင့် . . .

ထိုသို့ဖြင့် . . .

ထိုသို့ဖြင့် . . .

နလပိန်းတုံးတစ်ယောက်မှာ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်သွားသည်အထိ စားသောက်ရင်း အခွင့်အလမ်းတွေကို အိမ်ဖြင့် စောင့်စားနေလေသည်။

သူကပဲ ကံကောင်းတာလားတော့ မပြောတတ် . . . ။ တစ်နေ့၌ သူ စောင့်စားနေသော အခွင့်အလမ်းသည် သူ့အိမ်သို့ စာအုပ်အဟောင်း ဝယ်သူတစ်ဦးအဖြစ် ရောက်ချလာခဲ့သည်။ နလပိန်းတုံးသည် ယခုအခါ ဟိုတုန်းကလို တေလေလူငယ်လေးတစ်ဦး မဟုတ်တော့။ အောင်မြင်မှု၏ ချည်းစိမ်ကို အပြည့်အဝ ခံစားထားသော အသက် ငါးဆယ်အရွယ် ဆူဆူဖြိုးဖြိုး ဘဲနာကြီးတစ်ဦး ဖြစ်နေလေပြီ။ နှစ်ပေါင်းသုံးဆယ်လုံးလုံး သုံးစွဲခဲ့၍ သူ့မှာ ပိုက်ဆံ သိပ်များများ မရှိတော့။ ဒါကြောင့် အခု သူက ဟိုတုန်းက ဝယ်ယူစုဆောင်းထားသော ဖလော်ဆိုဖီစာအုပ်များကို စာအုပ်အဟောင်းသမားထံ ရသည့်ဈေးနှင့် ရောင်းချဖို့ စိစဉ်နေခြင်း ဖြစ်သည်။

သူသည် နှစ်ပေါင်းများစွာ အိမ်တွင်းအောင်းနေသူမို့ ပတ်ဝန်းကျင်တစ်ခုလုံးနှင့် အဆက်အသွယ်ပြတ်နေခဲ့၏။ ထိုအတောအတွင်း ဘယ်သူ့ကိုမှ လက်ခံတွေ့ဆုံခြင်း မလုပ်ခဲ့သော သူသည် အခုမှ အိမ်စောင့်ကြီးသွားခေါ်လာသည့် စာအုပ်အဟောင်းသမားအား မဖြစ်မနေ စကားပြောရပေတော့မည်။ သူက စိတ်ကို ဒုန်းဒုန်းချထားလိုက်ပြီး စာအုပ်အဟောင်းသမားအား သူ့စာအုပ်တွေကို ပြလိုက်ပါသည်။ စာအုပ်အဟောင်းသမားက စာအုပ်များကို ကြည့်ရင်း အံ့သြနေ၏။

"ဒီလောက် တန်ဖိုးရှိတဲ့ စာအုပ်မျိုးတွေ ကျွန်တော် မဝယ်နိုင်ဘူး ခင်ဗျ။ ကြည့်စမ်းပါဦး . . . ကောင်းလိုက်တဲ့ စာအုပ်တွေ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လောက်ပေးနိုင်သလဲ"

"ကျွန်တော် တတ်နိုင်သလောက် ပေးမယ်ဆိုရင် အရမ်း နည်းသွားလိမ့်မယ်။ ဒါမျိုးစာအုပ်တွေကို ကျွန်တော် ဈေးနှိမ်ပြီး မဝယ်ချင်ဘူး"

"ကဲ . . . ခင်ဗျားပေးနိုင်မယ့်ဈေးသာ ပြောစမ်းပါဗျာ၊ ကျုပ် နောက်တစ်ယောက်နဲ့ ထပ်မတွေ့ချင်တော့ဘူး"

စာအုပ်အဟောင်းသမားသည် သူ့စကားကြောင့် အံ့ဩစွာ သေချာ ကြည့်လိုက်၏။ နောက် . . . သူ့ကို မှတ်မိသွားပါသည်။

"ဟာ . . . ခင်ဗျား . . . ခင်ဗျား . . . နလပိန်းတုံး မဟုတ်လား ဟင်"

စာအုပ်အဟောင်းသမားသည် ရှေ့မီနောက်မီ အရွယ်လူကြီး တစ်ယောက်မို့ သူ့ကို ကောင်းကောင်းသိပါသည်။ သူက ဝန်ခံလိုက်၏။

"ဟုတ်တယ်"

"ခင်ဗျားက ဒီမှာ ရှိနေတုန်းပဲကိုး။ ဘယ်လိုဖြစ်ရတာလဲဗျာ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

စာအုပ်အဟောင်းသမားက စိတ်မကောင်းစွာ ဝမ်းနည်းစကား ဆိုသည်။ သူက ခေါင်းကို ခပ်ဖြည်းဖြည်းချင်း ရမ်း၏။ နောက် . . . သူက ပြောပြပါသည်။

"ကျုပ်နာမည်တုံးပဲ ဖြစ်ချင်တယ်။ အဲဒီဘဝကိုပဲ ပြန်ရောက်ချင်တယ်။ အဲဒီတုန်းက အရပ်ထဲက လူတွေက ကျုပ်သဘောမတူဘဲနဲ့ ကျုပ်နာမည်ကို အတင်းပြောင်းပစ်ခဲ့ကြတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ ခင်ဗျား သိသလား"



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်အဟောင်းသမား၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဟာ . . . ခင်ဗျား အဲဒါကို တကယ်ပဲ မသိဘူးလား"

သူက အရူးတစ်ယောက်လို ဒေါသတကြီး အော်ပစ်လိုက်၏။

"မသိဘူး၊ မသိဘူး... ကျုပ်နာမည်ကို သူတို့ ပြောင်းမပစ်ခင်က ဒီအရပ်ထဲမှာ ဆယ်နှစ်လုံးလုံး ဘာအပြောင်းအလဲမှ မရှိဘဲ ရိုးသားမှု အပြည့်နဲ့ ကျုပ်နေထိုင်ခဲ့တယ်။ ဘဝင်မမြင့်ဘူး၊ မမောက်မာဘူး၊ အားနည်းတဲ့လူကို ကူညီပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ ဒီအရပ်၊ ဒီပတ်ဝန်းကျင်က ကျုပ်ကို နလပိန်းတုံးဆိုတဲ့ နာမည်ပြောင်းပစ်ခဲ့တယ်။ အဲဒါ ဘာသဘော လဲ... ဘာအချိုးလဲ... ပြော...ပြောလေ"

သူက ဒေါသနှင့် စကားတွေကို ဆက်တိုက်ပြောချလိုက်ပါသည်။ စာအုပ်အဟောင်းသမားသည် သက်ပြင်းရှည်ကြီးကို ချကာ သူ အရထိ နားမလည်သေးသော ပဟေဠိအား အဖြေပြောပြရန် စတင် အရှိန်ယူလိုက် ၏။

"ဒီလိုဗျ . . . ခင်ဗျားဘဝဟာ အဲဒီတုန်းက ဆယ်နှစ်လုံးလုံး ဘာအပြောင်းအလဲမှ မရှိခဲ့ဘူး မဟုတ်လား၊"

"အေးလေ . . .ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒါကြောင့်ပဲ ပတ်ဝန်းကျင်က ခင်ဗျားရဲ့ နာမည်ကို ပြောင်းပေးလိုက်တာပေါ့၊ ဘာတိုးတက်ချင်စိတ်မှ မရှိတဲ့ လူငယ်တစ်ဦးကို မခံချင်စိတ်နဲ့ ကြိုးစားလာအောင် ပတ်ဝန်းကျင်က စေတနာနဲ့ နာမည်ပြောင်းပေးတာဗျ၊ နားလည်ရဲ့လား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများသည် အရောင်တွေ တလက်လက်နှင့်။ တစ်စုံတစ်ရာမှာ မီးတောက်များ၏ လောင်ကျွမ်းဝါးမြိုခြင်း ခံနေရသလို အသံမြည်နေ၏။ ခဏကြာတော့ သူ့ထံမှ ဒေါသနှင့် အော်ဟစ်စွပ်စွဲသံတစ်ခု ထွက်လာပါသည်။

"ခင်ဗျားတို့ မတရားဘူး"

စာအုပ်အဟောင်းသမားသည်လည်း အအော်ခံရသဖြင့် စိတ်ဆိုးလာသည်။ သူ့ကို ပြန်၍ အော်ပြောလိုက်၏။

"ဘာမတရားလို့လဲ၊ ခင်ဗျားက မတရားတာ၊ ပတ်ဝန်းကျင်က ပြောင်းပေးလိုက်တဲ့ နာမည်ကြောင့် ကြီးပွားချမ်းသာသွားတော့ အရပ်ကို လှည့်တောင် လှည့်မကြည့်ဘူး။ သာရေး၊ နာရေးအတွက် အလှူလာခံရင်တောင် ခင်ဗျားက အတွေ့မခံဘူး။ ကဲ. . . ပြောစမ်း၊ ဘယ်သူက မတရားသလဲ"

သူသည် နားနှစ်ဖက်ကို ပိတ်ကာ အသံနက်ကြီးနှင့် "အား"ဟု အော်ပြီး အိမ်ပေါ်ထပ်သို့ အပြေးတက်သွားတော့သည်။ စာအုပ်အဟောင်းသမားက ခေါင်းကို တွင်တွင်ရမ်းရင်း သူ့အိမ်ထဲမှ ပြန်ထွက်ခွာသွားပါသည်။

လူ့ဘဝဆိုသည်မှာ ဒီလိုပဲ ဖြစ်လေ့ဖြစ်ထ ရှိပါ၏။ ပတ်ဝန်းကျင်သည်လည်းကောင်း၊ တစ်သက်လုံး နလပိန်းတုံး ဖြစ်သွားသည့် ငတုံးတစ်ယောက်သည်လည်းကောင်း၊ နှစ်ပေါင်းများစွာ ကြာပြီးမှ အဖြေလာထုတ်ပေးသော စာအုပ်အဟောင်းသမားကြီးသည် လည်းကောင်း ဘယ်သူမှ မှားယွင်းကြတာ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဖြစ်နိုင်တာ တစ်ခုက သဘာဝတရားကြီးကိုယ်နှိုက်က မှားယွင်းမှု၏ ပုံတူများလား။ သံပတ်ကုန်နေသည့် ချစ်မေတ္တာကို လူသား များအားလုံးက စိတ်ကုန်နေကြပါပြီ။ မနက်ဖြန်တွင် ရောက်လာမည့် အဖြူရောင်ကပွဲအတွက် သင်တို့ အဆင်သင့်ဖြစ်နေစေရန် ဦးနှောက် လေ့ကျင့်ခန်း လုပ်ပါ။ အချိန်ကာလအား ရွှေ့ပြောင်းကစားရာမှ ရုတ် တရက်ဖြစ်ပေါ်လာသော မြင်ကွင်းထဲ၌ သူစိမ်းတစ်ဦးက မြို့ခံလူ တစ်ဦးကို ခရီးသွားဟန်လွဲ မေးလိုက်ပါသည်။

"မိတ်ဆွေ... အခုရောက်ရှိနေတာ ခရစ်နှစ် ဘယ်လောက်ပါ လဲခင်ဗျာ"

"၂၀၃၅ ခုနှစ်လေ၊ နို့... ခင်ဗျားက ကိုယ်ဘယ်သက္ကရာဇ်ကို ရောက်နေတယ်ဆိုတာလေးတောင် မသိဘူးလား"

"ဟုတ်ကဲ့ တကယ်မသိလို့ပါ။ ဒီတစ်ခုတည်း မကသေးဘူး။ ကျွန်တော့်မှာ မသိတာတွေက တော်တော်များတယ်ဗျ..."

"ဒါဆို ဒီမြို့ကို ဘာအတွက် ရောက်လာမှန်းတာလဲ၊ အဲဒါကိုတော့ သိမှာပေါ့"

"အဲဒါကိုတော့ သိပါတယ်၊ ကျွန်တော်က ဒီမြို့မှာ ကျွန်တော့် အိပ်မက်ထဲက လူတစ်ယောက်ကို လာရှာတာပါ"

"သူ့နာမည် ဘယ်လိုခေါ်သလဲ"

"သူ့နာမည်က အခုလက်ရှိမှာ နလပိန်းတုံးတဲ့၊ ၂၀၃၅ ခုနှစ်ရဲ့ နလပိန်းတုံးပေါ့"

"ဟာ...ခင်ဗျားလိုက်ရှာနေတာ ကျွန်တော်ပဲဗျ...နေဦးပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက ဘယ်သူလဲ"

သူစိမ်းက မြို့ခံလူကို စိုက်ကြည့်လိုက်ပြီး အေးစက်စက် ပြန်ဖြေပါသည်။

"ကျွန်တော့်နာမည်က ၁၉၉၅- ခုနှစ်တုန်းက ငတုံးတဲ့"

"............"

............

............

မိုးကောင်းကင်ထဲမှာ ကြယ်ပွင့်လေးများသည် တစ်ပွင့်ပြီးတစ်ပွင့် သက်တမ်းကုန်ဆုံးသွားကြ၏။ မြို့ထဲရှိ အရာဝတ္ထုများအားလုံးသည် ဓလေမှာဓမျှာလွင့်လျက်ရှိ၏။

သို့သော် နလပိန်းတုံးတစ်ယောက်နှင့် ငတုံးတစ်ယောက်မှာမူ ကမ္ဘာမြေ၏ ဆွဲအားကြောင့် မြေပြင်ကို တိုက်ရိုက်ခြေချထိတွေ့နိုင်ကြလေသည်။

**Idea** မဂ္ဂဇင်း

♛ ♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်တစ်ခုထဲမှ ဆက်သွယ်ချက်များ

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းသီချင်းတစ်ပုဒ်သည် သူ့အနားသို့ ရောက်မလာသေးခင် အထိတော့ သူက အိပ်မက်ကုန်သည်တစ်ဦးသာ ဖြစ်ပါသည်။ သူ့နာမည် ကို လူတွေက မိုက်ကယ်ဂျော်ဒန်ဟု လည်းကောင်း။ မိုက်ကယ်ဖိုဝင် ဟု လည်းကောင်း၊ မိုက်ကယ်ဖေါက်ကလင်ဟုလည်းကောင်း၊... အဆင် ပြေသလို ခေါ်ကြသော်လည်း သူကတော့ မိုက်ကယ်ရှူးမေကာဟု သူ့ ကိုယ်သူ အမည်ပေးထားလေသည်။

ထိုနေ့က မနက်စောစောစီးစီး သူ့အိမ်၌ တံခါးခေါက်သံ သုံးချက် ဖြစ်ပွားခဲ့၏။ တတိယအကြိမ်မြောက် တံခါးခေါက်သံနှင့် စက္ကန့်ပေါင်း ရှစ်ကုဋေခန့် ကွာခြားသွားပြီးနောက် သူက တံခါးဖွင့်ပေးလိုက်ပါသည်။ သူ့ တံခါးလာဖွင့်ပေးတာကို စောင့်နေရသဖြင့် အရွယ်အိုမင်းသွားသူ ရ သော နှုတ်ခမ်းမွေးကားကားနှင့် အဘိုးအိုတစ်ယောက်က အိမ်ရှေ့မှာ

www.burmeseclassic.com



မတ်တတ်ရပ်နေ၏။

"မိုက်ကယ် . . . ဆိုတာလား"

"ဟုတ်တယ်၊ ခင်ဗျားက ဘယ်သူလဲ"

"သစ္စာနီ . . . "

"မဟုတ်တာ . . . သစ္စာနီက အရုပ်ပုပုလေးဥစ္စာ"

"ရော် . . . မင်းက စကားကို ဆုံးအောင်မှ နားမထောင်ဘဲကွ"

"ငါက သစ္စာနီရဲ့ သူငယ်ချင်း အိုင်းစတိုင်းပါ"

"မယုံဘူး"

"ဒါဆို ငါက ဘယ်လိုသက်သေပြရမလဲ။ ရီလေတစ်ဗီတီသီအိုရီအကြောင်း ရှင်းပြရမလား"

"ဟင့်အင်း! တယောထိုးပြရင် ရပြီ"

"ငါ့မှာ တယောပါမလာဘူး"

"အင်း . . . ဟုတ်ပြီ၊ အိုင်းစတိုင်းက အိမ်လည်သွားရင် သူ့တယောကို ဘယ်တော့မှ ယူသွားလေ့ မရှိဘူး။ ခင်ဗျားမှာလည်း တယောက ပါမလာဘူး။ ခင်ဗျားက အိုင်းစတိုင်းအစစ်ပဲ၊ လာ . . . အိမ်ထဲကို ဝင်လို့ ရပြီ"

ဧည့်ခန်းထဲကို ရောက်တော့ မိုက်ကယ်က အိုင်းစတိုင်းရဲ့ ပါးကို ဖြောင်းကနဲ တစ်ချက်ရိုက်ကာ ဧည့်ခံလိုက်သည်။ အိုင်းစတိုင်းက ဝမ်းသာကြည်နူးစွာ သူ့ပါးလေးကို ပွတ်သပ်နေလေ၏။ မိုက်ကယ်ဂျော်ဒန်၊ မိုက်ကယ်အိုဝင်၊ မိုက်ကယ်ဒေါက်ကလပ်၊ မိုက်ကယ်ရှူးမေကား . . . သူတို့အားလုံးမှာ ဝင်ငွေအလွန်ကောင်းသော သန်းကြွယ်သူဌေးတွေမို့



www.burmeseclassic.com

www.burmeseclassic.com


အိုင်းစတိုင်းထက် များစွာ ချမ်းသာကြွယ်ဝကြပါသည်။ ဘာပဲဖြစ်ဖြစ် အိုင်းစတိုင်းက သူ့ခွေးလက်နှင့် ပါးရိုက်ခံရခြင်းကို ဂုဏ်ယူလိုက်မိသည်။

မိုက်ကယ် . . . က ပြောလိုက်၏။

"ကဲ . . . လာရင်းကိစ္စကိုဆိုပါဦး"

အိုင်းတစ်င်းက အနည်းငယ် စဉ်းစားနေပြီးမှ သူ့မေးခွန်းကို ပြန်ဖြေပေးလေသည်။

"ငါ့ မင်းကို အကူအညီပေးစရာ တစ်ခုရှိလို့။ အဲဒါယူပေးနိုင်မလား"

"ပြောကြည့်လေ . . ."

"အသိဉာဏ်ကို အသုံးချနည်း သင်ပေးမယ်။ ဘယ်လိုလဲ"

"ကောင်းပြီ... အဲဒီအတွက် ကျူပ်ပိုက်ဆံဘယ်လောက်ရမလဲ"

"ပိုက်ဆံက မရှိပါဘူးဆိုမှ ခက်တာပဲ၊ ဒီလိုလုပ်ကွာ . . . ငါ ရူပဗေဒဆိုင်ရာ နိုဗယ်ဆုရထားတဲ့ ပိုက်ဆံတွေကို အကုန်မင်းယူလိုက်၊ အဲဒါဆို ဖြစ်တယ် မဟုတ်လား။ ရော့ . . . ဒီမှာ ချက်လက်မှတ်"

သူက အိုင်းစတိုင်း လှမ်းပေးသော ချက်လက်မှတ်ကို ယူလိုက်ရင်း

"ဒါဆို ခင်ဗျားက ဘာနဲ့သွားသုံးမလဲ" ဟု မေးလိုက်ပါသည်။

"ဒီလိုပဲပေါ့ကွာ... ကြုံသလို ဖြေရှင်းတာပေါ့။ အိုင်းစတိုင်းပဲ"

"ကိုယ့်ကိစ္စ ကိုယ်နိုင်ရင် ပြီးတာပဲလေ၊ နောက်မှ ကျူပ်ဆီက ပိုက်ဆံလာမချေးနဲ့"

"အေးပါ . . . စိတ်ချ"


www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒါဆိုရင် ခင်ဗျားရဲ့ အသိဉာဏ်ကို အသုံးချနည်းကို စသင်နိုင်ပြီ"

အဘိုးအိုအိုင်းစတိုင်းက ပြုံးကာ သူ့ကို စူးစိုက်ကြည့်နေ၏။ မိုက်ကယ်သည် အနေခက်လာဟန်ဖြင့် အကြည့်ကို လွှဲပစ်လိုက်သည်။ အိုင်းစတိုင်းက မျက်လုံးများကို မှေးကာ သင်ခန်းစာကို စတင်လေသည်။

"ဒီလိုကွ . . . အသိဉာဏ်ဆိုတာ ဘာမှ သိပ်ဟုတ်တာ မဟုတ်ဘူး။ သူ့ကို အသုံးချနည်းကပဲ အရေးကြီးတာ၊ ငါဆိုရင် ဟိုးငယ်ငယ်လေးကတည်းက . . ."

"နေဦး၊ ခဏနေဦး . . ."

အိုင်းစတိုင်း၏ စကားကို သူက ဖြတ်၍ တားမြစ်လိုက်၏။ အဘိုးအိုက နားမလည်နိုင်စွာ သူ့ကို မော့ကြည့်သည်။ သူက ပြောလေသည်။

"ခင်ဗျားက ဒီနေရာမှာ ကျုပ်ကို အသိဉာဏ် အသုံးချနည်း သင်ပေးတာတော့ ဟုတ်ပါပြီ။ ခင်ဗျားဆီမှာ ဒီနယ်မြေရဲ့ သင်ကြားရေး လိုင်စင်ရော ရှိလို့လား"

"ဟင့်အင်း . . . မရှိဘူး"

"အဲဒါဆို သင်လို့ မရဘူး။ ခင်ဗျားပြန်တော့"

"မင်း အဲဒီလို လူလည်မကျနဲ့နော် . . . ငါသစ္စာနီနဲ့ ပြန်တိုင်ပြောလိုက်မယ် သိလား . . ."

အိုင်းစတိုင်း၏ ခြိမ်းခြောက်စကားက တော်တော် အရာရောက်သွားပါသည်။ မိုက်ကယ်က အလန့်တကြား ပြန်ပြောလိုက်၏။

"အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ခင်ဗျားကလည်း . . . အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ဥစ္စာ''

''ဪ . . . ဒါကျတော့ မင်းက ကြောက်သလား၊''

''ကြောက်တာပေါ့၊ အဲဒီသစ္စာနီဆိုတဲ့ စာရေးဆရာက အတွင်းမံ တောင်းဘီကိုတောင် ယဉ်ကျေးမှုတွေရဲ့ ဖခင်ကြီးဆိုပြီး ဝတ္ထုရေးတာဗျ။ မကြောက်ရင် သူ့ဝတ္ထုထဲ ပါသွားမှာပေါ့''

''အေး . . ဒါဆိုရင် မင်း ငါ့ဆီမှာ အသိဉာဏ်ကို အသုံးချနည်း သင်ရမယ်၊ ဘယ်လိုလဲ''

မိုက်ကယ်က အိုင်းစတိုင်းကို သိပ်စိတ်မပါဘဲ ပြန်ပြောလိုက်ပါ သည်။

''ဒါဆိုလည်း သင်မယ်ဗျာ၊ သင်မယ်''

အိုင်းစတိုင်း၏ မျက်နှာကြီးက ချက်ချင်းဆိုသလို ပြုံးရွှင်သွားလေ သည်။

ဒီလိုနှင့် သူတို့နှစ်ဦး၏ သင်ကြားရေးကိစ္စသည် ပြန်လည် အထ မြောက်လာခဲ့ရပါသည်။ ဆရာက အိုင်းစတိုင်။ တပည့်က မိုက်ကယ်။

X X X ÷ ÷ ÷ X X + + – –

= = . . . . . . . . . . .

———— ? ? ? ? ?

* * * X X X ÷ – ॥ ॥

Intelligent, love, Heart, Independance.

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



အိုင်းစတိုင်းနှင့် မိုက်ကယ်... တို့၏ သင်ကြားမှုအား ကောက်နုတ်ဖော်ပြရသော်... အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) လဆုတ်လက်ဖက်ရည်။

(၂) စကားပြေနှင့် စကားပြောရော၍ ရေးသည့်ကိစ္စ။

(၃) ငွေဒင်္ဂါးသံကို အသံဖမ်းထားပြီး သူစဥ်ကက်ဆက်ဖြင့် နား ထောင်ကြခြင်း။

(၄) နွားနို့

(၅) လက်ချည်းသက်သက် ပြန်လာရတာ ဒီတစ်သက်ပဲ။ (ရယ်သံသဲ့သဲ့များ နောက်ခံ)

(၆) ဗီနေ့မွေးဖွား၍ မနက်ဖြန်အိမ်ထောင်ပြုနိုင်သော သတ္တဝါ

(၇) မပြောချင်တော့ဘူး၊ မပြောချင်တော့ဘူး (သရုပ်ဆောင် ဒေါ်မြလေး၏ အသံအတိုင်း)

(၈) သိပ္ပံနည်းကျ အသည်းကွဲခန်း။

(၉) ဖာဂူဆန်၊ ဝင်းဂါး၊ အဲရစ်ဆင်၊ ကာပယ်လို၊ ဘင်နီတက်ဒ်၊ မော်ရင်ညို။

(၁၀) ပန်းပွင့်တွေရဲ့ဇာတ်လမ်း။

(၁၁) ဖြစ်တည်မှု ပဓာနဝါဒ။

(၁၂) ထူးအိမ်သင်၏ ဝေးသွားတဲ့အခါ။

(၁၃) ဖော်မြူလာဝမ်းကားပြိုင်ပွဲ။

(၁၄) ချစ်သူများနေ့။

(၁၅) ပါပါရာဇီတို့၏ စကားလုံးဖောင်းပွမှုများ။



www.burmeseclassic.com

www.burmeseclassic.com



(၁၆) Nokia မိုဘိုင်းဖုန်း။

(၁၇) လွတ်လပ်မှုတသော ချာပါတီတစ်ချပ်။

(၁၈) အသံဝင်နေသည့် ချစ်မေတ္တာ၌ ဘေသိုဗင်ရော ဘာတတ်နိုင်မည်နည်း။

(၁၉) အိပ်မက်အတိုအစများ ရောင်းဝယ်ရေး။

ဤအချက် (၁၉) ချက်သည် (၁၉၂၁) ခုနှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုရှင် အိုင်းစတိုင်းနှင့် မိုက်ကယ်…… သန်းကြွယ်သူဌေးလေးတစ်ဦးတို့၏ အသိဉာဏ်ကို အသုံးချနည်းခေါင်းစဉ်အောက်မှ သင်ကြားရေးကောက်နုတ်ချက်များ ဖြစ်ပါသည်။ မည်သူမဆို ဉာဏ်ရှိသလိုယူငင်သုံးစွဲနိုင်ပါသည်။

♛ ♛ ♛

ထိုသို့ဖြင့် မြန်မာပြည်မှ စာရေးဆရာ သစ္စာနီသည်လည်းကောင်း၊ သူ့သူငယ်ချင်း ဂျူးလူမျိုးပညာရှိ အိုင်းစတိုင်းသည် လည်းကောင်း၊ မိုက်ကယ်..? ဆိုသော လူချမ်းသာတစ်ယောက်သည်လည်းကောင်း အခုလို ဘာမှမဟုတ်သော စကားများကြားမှာ ကွယ်ပျောက်လုနီးပါး ဖြစ်ခဲ့ရတာ ဝမ်းနည်းစရာ ကောင်းလှသည်။

♛♛♛

မိုးကောင်းကင်ပါ် လွင့်တက်သွားနေသည့် မီးခိုးငွေ့တွေကို ငေးပြောင်ပြောင်၊ အရပ်ပုပုနှင့် စာရေးဆရာ တစ်ဦးက ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ခေါ်သံတစ်ခုကြောင့် သူ လှည့်ကြည့်လိုက်၏။

"ကိုရဲ..."

သူ့ကို လှမ်းခေါ်လိုက်သူမှာ သစ္စာနီ၏ မိတ်ဆွေ အိုင်းစတိုင် ဆိုသော အဘိုးအိုကြီး ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ အိုင်းစတိုင် သည် တောင်ဝှေးလေးအတိုင်း သူ့ဆီ လျှောက်လာ၏။ သူက ပြန်နှုတ် ဆက်လိုက်၏။

"မတွေ့တာ ကြာပြီနော် မစ္စတာအိုင်းစတိုင်း"

"ဟုတ်တယ်၊ နှစ်ပေါင်းလေးဆယ်လောက် ရှိရော့မယ်"

"အေးဗျာ... ဒါနဲ့ ခင်ဗျားရော တယောထိုးဖြစ်သေးသလား"

"ကျွန်တော့်မှာ တယော မရှိတော့ဘူးဗျ"

"ဘယ်လိုဖြစ်တာလဲ"

"ပိုက်ဆံ မရှိလို့။ ပြီးခဲ့တဲ့နှစ်က ဝါရှင်တန်မှာလေလံတင်ပြီး ရောင်းစားပစ်လိုက်ပြီ"

"ကောင်းတယ်၊ ခင်ဗျားမှန်တယ်။ လူဆိုတာ အသက်ရှင်နေထိုင် ဖို့ မရှိ ရှိတာ ရောင်းစားရမှာပဲ"

"ဟုတ်ပါ့ကိုရဲရာ... ကျွန်တော် အဲဒီအသိကို သိတာအချိန် တွေ တော်တော်နောက်ကျခဲ့ရတယ်။ ဒါပေမယ့် သိသိချင်း ကျွန်တော် အကုန်ရောင်းစားပစ်တာပဲ။ ဓာတ်ခွဲခန်းရော၊ အိမ်ပါမကျန် အကုန်ရောင်း စားပြီးသွားပြီ"

"ဒါဆို ခင်ဗျားဆီမှာ ရောင်းစရာရော ကျန်သေးရဲ့လား"

သစ္စာနီ၏ မေးခွန်းအား အိုင်းစတိုင်းက လေးလံ နှေးကွေး



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်း ပြန်ဖြေလိုက်ပါသည်။

"ဉာဏ်ပညာတို့၊ ဂုဏ်သိက္ခာတို့၊ သစ္စာတရားတို့၊ ယုံကြည်ချက်တို့ ...အဲဒါတွေတော့ ကျန်သေးတယ်"

"အဲဒါတွေကိုရော"

"အဲဒါတွေလည်း ဈေးကောင်းရရင် ရောင်းစားရမှာပေါ့"

"ဟာ...အတော်ပဲဗျာ။ ခင်ဗျားရဲ့ ယုံကြည်ချက်ကို ရောင်းတော့မယ်ဆိုရင် တခြားလူ မရောင်းနဲ့၊ ကျွန်တော့်ကိုရောင်း... ဟုတ်ပြီလား၊ ဒါပေမယ့် ဈေးတော့ လျှော့ပေးရမယ်နော်"

"လုပ်ပေးရမှာပေါ့ ကိုယ့်သူငယ်ချင်းပဲဗျာ"

"ဟဲ ဟဲ...ဟဲ..."

ကမ္ဘာကြီးဆီမှ တစ်စုံတစ်ခု ရလိုစိတ်ဖြင့် စွန့်စားခဲ့သူများအတွက် အိုင်းစတိုင်းက တီထွင်စမ်းသပ်မှုပေါင်း များစွာကို လုပ်ဆောင်ပေးခဲ့ပါသည်။ နောက်ဆုံးတော့ သူ့မှာ ရှိသမျှ အားလုံးကို ရောင်းချပြီး ပလာချည်း သက်သက်သာကျန်ရှိတော့သည်။ သစ္စာနီက သူ့သူငယ်ချင်းကို တစ်ချက်ကြည့်ကာ သက်ပြင်းချလိုက်၏။

သူ့မှာလည်း ဒါထက်ပို၍ ဘာမှ မတတ်နိုင်ခဲ့။ ထို့နောက် သူတို့နှစ်ယောက်သည် လမ်းခွဲနှုတ်ဆက်လိုက်ကြပြီး ခရီးသည်များအဖြစ် ကိုယ့်လမ်းကိုယ် ဆက်လျှောက်သွားကြပါသည်။

ဘယ်လိုခရီးစဉ်လဲ။

ဘယ်လောက်ကြာကြာ သွားရဦးမှာလဲ။

ဘာအတွက်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အတွက်လဲ။

ဘာအဓိပ္ပာယ်ရှိသလဲ။

ဘယ်သူမှ မသိနိုင်ကြပေ။။

Heart မဝ္ဂဇင်း

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



၁။ အချစ်ကို အခြေခံထားသော ဝတ္ထုတစ်ပုဒ် ရေးပေးပါရန် ကျွန်တော့်ကို အယ်ဒီတာ တစ်ယောက်က ပြောလာပါသည်။ ဝတ္ထုဆိုတာ အချစ်အကြောင်းရေးမှ ဖြစ်တာလား။ ကျွန်တော်ကရော အချစ်အကြောင်း ဘယ်လောက်သိလို့လဲ။ သိတယ်ပဲထားဦး၊ အဲဒီအသိကို ဘယ်လောက်အထိ လူတွေ နားလည်အောင် ရေးပြနိုင်မှာလဲ။ လူတွေ တော်တော်များများက ကျွန်တော့်ကို အချစ်ဝတ္ထု ရေးတတ်သူဟု ထင်မြင်နေကြခြင်းကို ကျွန်တော်က နည်းနည်းတော့ ရယ်ချင်ပါသည်။ ဒါပေမယ့် သူတို့က အချစ်ဝတ္ထုဆိုတော့လည်း အချစ်ဝတ္ထုပေါ့လေ။ ဘာတတ်နိုင်မှာလဲ၊ ရေးရတော့မှာပေါ့။

၂။ သူသည် အချစ်ဝတ္ထုစာရေးဆရာ ဖြစ်၏။ ဒါကသည်း စာပေ ဝေဖန်ရေးဆရာများက သတ်မှတ်ထားခြင်း ဖြစ်၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဝတ္ထုတွေချည်းလိုလို ရေးနေသူ တစ်ယောက်တော့ မှန်သည်။ သူ ရေးခဲ့သမျှဝတ္ထုဆယ်ပုဒ်မှာ ကိုးပုဒ်က အချစ်ဝတ္ထုတွေ ဖြစ်၏။ တစ်ခါတလေ အချစ်မပါဘဲ ဘဝဆန်သော ဝတ္ထုမျိုးရေးကြည့်သည်။ မအောင်မြင်။ ပရိသတ်က ဟက်ဟက်ပက်ပက် မရှိ။ စာပေဝေဖန်ရေးဆရာတွေကလည်း မသိကျိုးကျွံပြုနေကြသည်။ တချို့ စာဖတ်ပရိသတ်တွေဆိုလျှင် သူ့ဆီ စာရေး၍ သူ့အရေးအသားသည် ဘဝ သရုပ်ဖော်နှင့် မလိုက်ကြောင်း၊ အချစ်ဝတ္ထုတွေသာ ရေးစေချင်ကြောင်း ပွင့်ပွင့်လင်းလင်း ဝေဖန်ကြသည်။

သူ့ရေးဟန်က ပျော့ပြောင်းသည်။ ဝါကျတည်ဆောက်ပုံတွေ နွဲ့နှောင်းသည်။ စကားလုံးတွေ လှပသည်။ ဝေ့ဝေ့ဝဲဝဲ၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးပုံသည် သူ၏ ပင်ကိုဟန်ဖြစ်၏။ ဘဝသရုပ်ဖော်နှင့် မလိုက်။ အချစ်ဝတ္ထုအနေနှင့်ဆိုလျှင်တော့ အလွန် စွဲမက်ဖွယ် ကောင်းသော အရေးအသားပင် ဖြစ်၏။ ပရိသတ်ကလည်း ဒါကိုပင် ကြိုက်နှစ်သက်ခြင်း ဖြစ်၏။ အချစ်ဝတ္ထုရေးရာမှာတော့ အောင်မြင်သော စာရေးဆရာတစ်ယောက် အဖြစ် သတ်မှတ်နိုင်သည်။

၃။ ဓာတ်လမ်းအစိက မဟုတ်သော ဝတ္ထုတစ်ပုဒ်လို သူနှင့်ကျွန်မ ချစ်ခဲ့ကြပါသည်။ အဖြစ်အပျက်တွေ၊ ကြုံကြိုက်မှုတွေ ရှိသည်။ သို့သော် ဘာပြီးရင် ဘာလာရမယ်ဟူသော ဖြစ်စဉ်တွေ မရှိပါ။ ဆန္ဒတွေ ရှိသည်။ သို့သော် မျှော်လင့်ချက် မရှိပါ။

၄။ ကျွန်တော်က လမ်းပေါ်တွင် လက်တွဲလမ်းလျှောက်သွားသော စုံတွဲတစ်တွဲကို ငေးကြည့်နေမိသည်။ စာရေးဆရာ ဇော်ဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဒီလိုရေးခဲ့ဖူးသည်။ ချစ်တယ်ဆိုတာ လက်ချင်းတွဲပြီး ရည်ရွယ်ချက်မရှိဘဲ လမ်းလျှောက်ခြင်း တစ်မျိုးပဲတဲ့ . . .။ ဟုတ်ချင် ဟုတ်မှာပဲဟု ကျွန်တော့်စိတ်ထဲ တွေးလိုက်မိပြီး သူ့လက်ကလေးတွေကို လွမ်းလာမိသည်။ လျှောက်ခဲ့ရသော ခရီးတွေကို သတိရလာမိသည်။

ဒါပေမယ့် သူနှင့် ကျွန်တော်သည် ကျွန်တော်တို့၏ ဆက်ဆံရေးပြီးဆုံးခဲ့သည်အထိ လက်ချင်းတွဲပြီး တစ်ခါမှ လမ်းမလျှောက်ခဲ့ဖူးပါ။ လက်ကိုင်သည်က သတ်သတ်၊ လမ်းလျှောက်ကြသည်က သတ်သတ်၊ ဘယ်လိုမှ ရောထွေးသွားစရာ မရှိသော သီးသန့်အဖြစ်အပျက်တွေမှန်းပြန်လည် မှတ်မိစေ၏။

၅။ ဟိုလက်ကိုင်ပဝါလေးကို ကြည့်ရင်း ကျွန်မနှလုံးသားဆီမှာ စူးစူးနစ်နစ် နာကျင်သွား၏။ တစ်ယောက်ယောက်ကတော့ လူငယ်လေးကို ချစ်မြတ်နိုးစိတ်ဖြင့် တစ်စုံတစ်ရာ ပေးအပ်ခဲ့ပြီ၊ လေပြီ။ ကျွန်မသည် မိမိနှင့် မဆိုင်သော ဘဝနှစ်ခုအကြားတွင် မစွက်ဖက်သင့်ဘူးဟု သိပါ ရဲ့။ သို့သော် မနေနိုင်ပါ။

၆။ လူဆိုသည်မှာ ကိုယ့်ကိုယ်ကို မရူးဘူးလို့ပဲ ထင်တတ်ကြ၏။ ကျွန်တော် လုံးဝမရူးပါ။ ထိုကောင်မလေး နည်းနည်း ရူးနေပါသည်။ လင်းလင်းသည် ကောင်မလေးတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် လင်းလင်းက နည်းနည်း ရူးနေသည်။ နည်းနည်းရူးနေသော လင်းလင်းက လုံးဝ မရူးသော ကျွန်တော့်ကို အများကြီး ရူးသွားစေခဲ့သည်။

၇။ သူကတော့ ဘယ်သူတွေ ဘာပဲပြောပြော အချစ်မွေ့လျော်ဖွဲ့ ဝတ္ထုတွေ ရေးရတာကိုပဲ အရသာတွေ့သည်။ သစ္စာတရားကို အခြေခံ

www.burmeseclassic.com



သော ရိုးသား သန့်စင်သော အချစ်ဝတ္ထုတွေ ရေးရတာကို လိပ်ပြာလုံသည်။ လူတွေမှာ အမုန်းတရားတွေ လျော့ပါးပြီး ချစ်တတ်လာအောင် လှုံ့ဆော်စည်းရုံးရတာ ကောင်းတဲ့ ရည်ရွယ်ချက်တစ်ခုပဲ မဟုတ်လား။

ခုလည်း အချစ်ဝတ္ထုတစ်ပုဒ် ရေးဖို့ အစပျိုးနေသည်။ ဒီတစ်ခါ ရေးမည့်အကြောင်းအရာက နည်းနည်းထူးခြားသည်။ ဒီဝတ္ထုကို စရေးနေစဉ်မှာပင် ချိုးငှက်ကလေး ချထားခဲ့သော သစ်စေ့ကလေးကို ရရှိခဲ့ခြင်း ဖြစ်သည်။

၈။ သူနှင့် ကျွန်မ လမ်းခွဲခါနီးတိုင် "ငါ့ကို ဘောနပ်စ်လေး ပေးခဲ့ပါဦးဟာ" ဟု သူ တောင်းတတ်သည်။ သူတောင်းသည့် အပိုဆုကြေးမှာ ငွေမဟုတ်ပါ။ ထွေပြားဆန်းကြယ်သည့် နှုတ်ခမ်းတစ်ခုလည်း မဟုတ်ပါ။ ကျွန်မ၏လက်သန်းနှင့် သူ့လက်သန်းချိတ်ယူကာ လက်သီးလေးတွေ ဆုပ်လျက် ကျွန်မက သူ့လက်ခုံကို လှစ်ခနဲ နမ်းလိုက်သည့် နွေးထွေးမှုတစ်ခုသာ ဖြစ်သည်။ အဲဒါကို သူသည် မင်းသမီးလေး၏ ပန်းကုံးစွပ်ခံလိုက်ရသော လူဆင်းရဲကလေး တစ်ယောက်လိုပင် ကျေနပ်ကြည်နူးစွာ ခံယူတတ်ပါသည်။

၉။ အကယ်၍များ လေးနက်သည့် စကားလုံးတွေ မသုံးဘဲ သူ့အကြောင်းကို ပြောပြပါဆိုလျှင် သူသည် အသံမထွက်သည့် ရင်ခုန်သံသက်သက် ဖြစ်သည်။ သူ့တစ်ကိုယ်လုံးတွင် ကျွန်တော် နားမလည်သော ဘာသာစကားနှင့် အချစ်၏ သင်္ကေတတွေ ရှိသည်။ သူ့ပြုံးပြလိုက်သည့် အခါတိုင်းတွင် ပန်းကလေးတွေ ညှိုးသွားတာ ကျွန်တော့်အဖို့ မှတ်မိစရာ ဖြစ်ခဲ့သည်။ အခုတော့ ရဲဗလောင်းခတ်နေသည့် စိန်ပန်းပွင့်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း သူဆွဲဆိတ်တတ်သော ကျွန်တော့်လက်ဖျံလေးမှာ နာကျင်မှုကို မေ့လျော့နေပြီ။

၁၀။ လူသားတစ်ယောက်အနေဖြင့် တခြား ဂုဏ်သိက္ခာတွေကို မေ့ထားပြီး လုပ်ချင်ရာကို လုပ်ရသည်မှာ တော်တော် အရသာရှိသည့်ကိစ္စဖြစ်သည်။ ခံစားမှုအား ဦးစားပေးသော ကျွန်တော်က သူမကို မေတ္တာတရားဟု ယုံယုံကြည်ကြည် နာမည်ပေးလိုက်ပါသည်။ ရန့်တချို့ကိုလည်း ကျွန်တော့်အတွက် သူမက ထားရစ်ခဲ့သည်။ မာကျောသော မျက်နှာပြင်များကို ကျွန်တော်က နူးညံ့မှုဖြင့် အိပ်မက်ခဲ့သူမျှသာ ဖြစ်သည်။ ဘာကိုမဆို စွန့်လွှတ်ရဲသူသည်သာ တကယ့်သတ္တိဟု ကျွန်တော်က ယူဆခဲ့ပါသည်။

၁၁။ စာရေးရတာ တစ်ခါတစ်ခါ အလွန်ငြီးငွေ့ဖို့ ကောင်းသည်။ စာတစ်မျက်နှာ ရဖို့ စာလုံးအရေအတွက်ပေါင်း သုံးရာကျော်လောက် ရေးရသည်။ လုံးချင်းဝတ္ထုတစ်ပုဒ်ဆိုလျှင် စာလုံးရေ သောင်းဂဏန်းမှ သိန်းဂဏန်းအထိ ရှိမည်။ ထိုစာလုံးများမှာလည်း စံပယ်ပန်းသီသလို ဆန်ခါထဲမှာ အဆင်သင့်ရှိနေသော အပွင့်တွေကို ကောက်သီရတာမျိုးမဟုတ်။ လေထဲမှာ ပြန့်ကျဲနေသော စကားလုံးများကို ဟိုတစ်စဒီတစ်စ တွဲစပ်ယူရခြင်း ဖြစ်၏။ တစ်ခါတစ်လေ စကားလုံး ဆယ်လုံးတောင် မပြည့်ချင်သော ဝါကျတစ်ကြောင်းအတွက် ဦးနှောက်တွေ ဆူပွက်လာအောင် စဉ်းစားရသည်။ ဒါတောင် ရချင်မှ ရသည်။

၁၂။ သူ့ကို ချစ်ရတာ အလွယ်တကူပဲဟု သူက ထင်နေပါလိမ့်မည်။ အမှန်တော့ ကျွန်တော်က သူ့ကို သူထင်သည်ထက် လွယ်ကူစွာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ရခြင်း ဖြစ်၏။ အဝေးကြီးကိုပဲ ကျွန်တော် ငေးနေလိုက်၏။ ငါ မလွှမ်းဘူးဟု စိတ်ထဲက တေးထားသော်လည်း ရင်ထဲက ခံစားချက်သည်မှာ ထူးဆန်းလွန်းလှပါသည်။ အခုတော့ ကျွန်တော် ရှုံးနေပြီ ထင်ပါသည်။ သူလည်း ကျွန်တော့်ကဲ့သို့ပင် အလိုမတူသော အလွမ်းများဖြင့် ကျွန်တော့်အား လွမ်းဆွတ်နေပေလိမ့်မည်။

၁၃။ အချစ်ဆိုသည်မှာ ချိုးငှက်ကလေးလိုပင် အသံပေးပြီး ဘာမှ ထင်ထင်ရှားရှားမမြင်ရခင် ရုတ်တရက် ထပ်ပျံပြေးတတ်တာမျိုးလား။ အချစ်ဝတ္ထုတစ်ပုဒ် ဆိုတာကကော။ စောစောက ချိုးငှက်ကလေးကျကျန်ရစ်ခဲ့သော သစ်စေ့ကလေး တစ်စေ့လိုပဲလား။ ရေးလက်စ ဝတ္ထုတာလေးသည် ရှေ့ဆက် ဘာတွေများဖြစ်လာလေမလဲ။

၁၄။ အခုတလော လူပွေတစ်ယောက် အချစ်ကြောင့် တည်တည် တံ့တံ့ ဖြစ်လာ၏။ ရှုပ်နေသော ဘဝ၏ အပိုင်းအစများတွင် အချစ်သည် ဘယ်လောက် အရေးကြီးသလဲ။ သိပ်အရေးမကြီးဘူးလို့ ခင်ဗျားတို့က သဘောထားမှာပေါ့။ ဒါဆို သိပ်အရေးမကြီးတဲ့ အချစ်အကြောင်း ရေးထားတဲ့ အချစ်ဝတ္ထုကရော... လူတွေ အချစ်ဝတ္ထုဖတ်ပြီး စဉ်းစားခန်း ဝင်နေတာ မြင်ရင် ကျွန်တော် ပျော်ပါသည်။ ဟုတ်ကဲ့... အချစ်ဆိုတာ မစိုက်ရသေးတဲ့ သစ်ပင်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဒီဝတ္ထု၏ အခရင်းအမြစ်များ

၁။ ဝေမှူးသွင်

၂။ မင်းလူ (ဝတ္ထုတိုစဆုံး)

၃။ ဂျူး (အချစ်ဆိုတာ ကြိုးနဲ့သီဖို့ မလိုတဲ့ ပန်းပွင့်လေးတွေ)

၄။ ဝေမှူးသွင် (မီးခိုးဆင်ဖိုနီ)

၅။ ဂျူး (မျက်ရည်တစ်စက်မိန်းမ)

၆။ ဝေမှူးသွင် (ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့ မြားအကြောင်း)

၇။ မင်းလူ (ဝတ္ထုတိုစဆုံး)

၈။ ဂျူး (အချစ်ဆိုတာ ကြိုးနဲ့သီဖို့ မလိုတဲ့ ပန်းပွင့်လေးတွေ)

၉။ ဝေမှူးသွင် (အမှတ်တရ သစ်သီးချိုများ)

၁၀။ ဝေမှူးသွင် (ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့ မြားအကြောင်း)

၁၁။ မင်းလူ (ဝတ္ထုတိုစဆုံး)

၁၂။ ဝေမှူးသွင် (ဗလာကောင်းရေးတဲ့ ဗလာအကြောင်းများ)

၁၃။ မင်းလူ (ဝတ္ထုတိုစဆုံး)

၁၄။ ဝေမှူးသွင်

ရုပ်ရှင်စတားမဂ္ဂဇင်း

♛ ♛ ♛ ♛ ♛

ဂိုမြကျွဲ
www.burmeseclassic.com

www.burmeseclassic.com

နေမဝင်ဝတ္ထုကို

www.burmeseclassic.com

www.burmeseclassic.com



၁။ ကျွန်တော့်အား လောက၏ မာယာကစားပွဲများသည် မုဆိုးစိတ်ကို သင်ကြားပေးကြ၏။ ချစ်သူကလည်း အပြစ်တစ်ခု ကျူးလွန်ပြီး၊ ကျွန်တော့်ကို ခွင့်လွှတ်နားလည်တတ်သည့်စိတ်အား၊ သင်ကြားပေးပြန်သည်။ ထိုသို့ဖြင့် ကျွန်တော်သည် သားကောင်များအပေါ် ကြင်နာမှုရှိသော မုဆိုးတစ်ယောက်ဖြစ်လာခဲ့ရသည်။

၂။ ဤခရီးမနီးပါ။ ထို့ကြောင့် အလှမ်းဝေးပါသည်။ ပန်းတိုင်နှင့် ကျွန်တော့်ကြားရှိ လမ်းခရီးပေါ်တွင် ဝင်္ကပါဆန်သော ကွေ့ကောက်ခြင်းများမရှိသော်လည်း ကျွန်တော့်အတွက် ခက်ခဲနေပါသည်။ အဘယ်ကြောင့်နည်း။ နောက်မှာသိရ၏။ ဒီလောက်ဖြောင့်တန်းလွယ်ကူသည့် လမ်းခရီးကို ရောက်အောင် မသွားနိုင်ခြင်းမှာ ကျွန်တော့်စိတ်ထဲမှ မရိုးဖြောင့်မှုများကြောင့်ဖြစ်၏။ ပန်းတိုင်သို့ ရောက်ရန် ကျွန်တော်ကြို

www.burmeseclassic.com

www.burmeseclassic.com


စားရပါဦးမည်။

၃။ "က" မှ စတင်၍ "အ" ၌ အဆုံးသတ်ချင်သူတစ်ယောက်သည် ထိုနှစ်ခုကြားမှာရှိသော ကျန်အက္ခရာစာလုံး (၃၁)လုံးကို ပြည့်စုံစွာ သိရှိထားဖို့လိုသည်။ ကျွန်တော့်ကတော့ ယခုအချိန်အထိ ထိုဗျည်းအက္ခရာများအနက် 'ဘ'နှင့် 'ဝ' နှစ်လုံးတည်းသာ ကျကျနန သိပါသေး၏။ သို့သော် ကျွန်တော်ကတော့ အဲဒီ အက္ခရာနှစ်လုံးတည်းနှင့်ပင် တခြားသူများထက် ခေါင်းတစ်လုံးပိုမြင့်ကာ လူတွင်ကျယ်လုပ်နိုင်ခဲ့သည်။ အံ့ဩစရာပင်။ ဒါထက်ပို၍ အံ့ဩဖို့ကောင်းသည်မှာ ကျွန်တော့်ထံတွင် "က" ကြီးကနေ "အ" အထိ တတ်မြောက်ချင်စိတ် လုံးဝရှိမနေခြင်းဘဲဖြစ်သည်။

၄။ လူတချို့သည် မိမိ၏အသိဉာဏ်ကို မိမိပြန်၍ သစ္စာဖောက်မိသွားတတ်ကြ၏။ ဒီလိုအမှုကိစ္စမျိုးသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကို ကျူးလွန်ကြခြင်းလည်း ဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ အပြစ်ရှိသော်လည်း ထိုပြစ်မှုအား တားဆီးရန် ဥပဒေမပြဋ္ဌာန်းနိုင်သေးခြင်းကပင် ကျွန်တော်တို့ လူသားများ၏ ယဉ်ကျေးမှုအဆင့်အတန်းကို သွယ်ဝိုက်ဖော်ပြလျက်ရှိလေသည်။

၅။ ခပ်ငယ်ငယ်အရွယ်က ကျွန်တော်သည် သူများတကာ၏ ဂရုစိုက်အလေးပေးခံရခြင်းကို ဂုဏ်ဒြပ်တစ်ခုကဲ့သို့ မက်မောသာယာခဲ့ဖူးပါသည်။ ကျွန်တော် နည်းနည်းရင့်ကျက်လာသောအခါ ထိုစိတ်သည် သူ့အလိုလို ကွယ်ပျောက်သွားခဲ့၏။ သူတစ်ပါး၏ စိတ်ဆန္ဒကို ဖမ်းယူလိုသော လောဘသည် မိမိကိုယ်ကို ပင်ပန်းစေမှန်း အခုတော့ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



သိပါပြီ။

၆။ တစ်ခါက ကျွန်တော့်ထံတွင် ဗလာကျင်းသော ဦးခေါင်း တစ်ခုရှိခဲ့ပါ၏။ ထိုစဉ်က ကျွန်တော်သည် လွတ်လပ်ပေါ့ပါးစွာ ပြုံးရယ် တတ်သည်။ မိုးကောင်းကင်အပြာရောင်အောက်မှ နောက်ကျောလုံ့စွာဖြင့် ဥဒဟို သွားလာတတ်သည်။ ညအိပ်သည့်အခါလည်း ဘာစိုးရိမ်ကြောင့် ကြမှုမှ မရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတတ်သည်။ အဲဒီတုန်းက ကျွန်တော့်မှာ သိုးယောင်ဆောင်ထားသော စကားလုံးများမရှိ၊ ဆင်ခြင်တုံ တရားနှင့် ထိန်းချုပ်ထားသည့်ကျင့်ဝတ်များမရှိ၊ ငွေကြေးပိုင်ဆိုင်မှုများနှင့် ဂုဏ်သိက္ခာကို ကာကွယ်ဖို့တာဝန်လည်းမရှိချေ။ လက်ရှိအချိန်၌ ကျွန်တော့်ဦးခေါင်းသည် အရင်လို ဗလာနယ်မြေမဟုတ်တော့ . . ။ အဖိုးတန်ကျောက်သံပတ္တမြားတွေရော၊ အမှိုက်စတွေပါ ရောထွေးပြွတ်သိပ် နေသည့် စိတ်ပျက်ငြီးငွေ့ဖွယ်ပြတိုက်တစ်ခုဖြစ်နေခဲ့ပြီ။ ကာယိလျှမပြု မိမိမှုဟု ရှေးလူကြီးတွေက ဆိုခဲ့သည်မဟုတ်ပါလား။

၇။ အရူးတစ်ယောက်က လမ်းမပေါ်မှာ စိုင်းထီးဆိုင်၏သီ ချင်းတစ်ပိုဒ်ကို အော်ဆိုသွားသည်။

"ကိုယ်ကတော့ ချစ်တာတစ်ခုတည်းသိတယ်" တဲ့။

ကျွန်တော်က သဘောကျပြီး ပြုံးလိုက်မိ၏။ စဉ်းစားကြည့်လေ။ လူတွေ ချစ်ခြင်းမေတ္တာတရား ခေါင်းပါးနေကြချိန်မှာ အရူးတစ်ယောက်က အခုလိုသီချင်းဆိုသွားတာ ဘယ်လောက် သဘောကျစရာကောင်းလိုက်ပါ သလဲ။

၈။ အလင်းသည် အမှောင်တွင်သာရှိ၏။
အလင်းထဲ၌ အလင်းမရှိချေ။
ဘိုဟမ်ကာရာသစ်

www.burmeseclassic.com

www.burmeseclassic.com



၉။ "ခင်ဗျားက ဘယ်သူလဲ"

"ကိုယ်ပိုင်နာမည်မရှိဘူးခင်ဗျ"

"နာမည်လေးတစ်လုံးတောင် ကိုယ်ပိုင်မရှိဘူးလား"

"အခုလောလောဆယ်တော့ မရှိသေးဘူး"

"လူတစ်ယောက်မှာ နာမည်လေးတစ်ခုတော့ ရှိသင့်တာပေါ့။ ခင်ဗျားနာမည်အတွက် အခက်အခဲရှိနေရင် ကျွန်တော် ကူညီပါ့မယ်။ ဘယ်လိုလဲ"

"နို့... မိတ်ဆွေက ဘယ်လိုကူညီမှာတုံး"

"ခင်ဗျားရဲ့နာမည်ကို ကျွန်တော် စဉ်းစားပေးမယ်လေ"

"နာမည်တစ်လုံးဆိုတာ အဲဒီလောက် မလွယ်လှဘူးမိတ်ဆွေရဲ့။ နောက်ပြီးတော့ ကျုပ်က သူများပေးတဲ့နာမည်နဲ့ လူလုပ်ချင်တာ မဟုတ်ဘူးဗျ"

"ဒါဖြင့်..."

"ကျုပ်နာမည်ကို ကျုပ်ဘာသာ ထူထောင်မယ်လေ"

"အဲ ..."

"..."

၁၀။ "ဘဝဆိုတာ တိုက်ပွဲ" ဆိုသည့် ဆောင်ပုဒ်ကို ကျွန်တော်ငယ်ငယ်ကတည်းက တွေ့ဖူး၊ မြင်ဖူးပေါင်းများလှပါပြီ။ ညီအစ်မနှစ်ယောက်စလုံးကို လက်ထပ်ပေါင်းသင်းနေသော သူငယ်ချင်းတစ်ယောက်နှင့် အဲဒီဆောင်ပုဒ် ဘယ်လောက်မှန်၊ မမှန် ငြင်းခုန်မိဦးက ကျွန်တော့်ကို သူက အခုလို ပြောသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဘဝဆိုတာ တိုက်ပွဲဟုတ် မဟုတ်တော့ ကိုယ်မသေချာ မသိဘူး။ ဒါပေမယ့် ခယ်မဆိုတာ . . . .။ ကိုယ့်အတွက်တော့ အဲဒါသိပ် သေချာတယ်''

ကျွန်တော် သူ့ကို တစ်ခုခုပြောတော့မယ်လို့ ပါးစပ်ပြင်လိုက်ပြီး မှ တစ်စုံတစ်ရာကို သတိရသွားသဖြင့် အမြန်ဘရိတ်အုပ်လိုက်ရ၏။ ဒီကနေ့ ပို့စ်မော်ဒန်ခေတ်ကြီးထဲမှာ အမှန်တရားဆိုတာ အများကြီးရှိနိုင် သည်မဟုတ်ပါလား။ လူတွေအားလုံး ကိုယ့်အမှန်တရားနဲ့ကိုယ်ဆိုတော့ ကျွန်တော်လည်း သူငယ်ချင်းစကားကို ပြန်ပြောမနေတော့ဘဲ ငြိမ်သက် ပေးလိုက်ပါသည်။

သို့ပေမယ့်လည်း ကျွန်တော့်ရင်ထဲမှာ မကောင်းလှပါ။ အောင့်သီး အောင့်သက်နှင့် ဘယ်လို ပြောရမှန်းလည်းမသိပါ။ ဒါကြောင့် မသိသော အရာကိုမပြောကော့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

၁၁။ ခေတ်ကာလကို ဖျော်ဖြေရန် ကျွန်တော့မှာ တာဝန်မရှိ ပါ။ ထို့အတူ ကျွန်တော့်အနုပညာတွင်လည်း တာဝန်မရှိပါ။ ဒါပေမယ့် ကျွန်တော်က အဲဒီတာဝန်ကို ထမ်းရွက်ချင်နေပါသည်။ ကျွန်တော် စွမ်း ဆောင်နိုင်ပါမည်လား။ မသိသေးပါ။

အကယ်၍ ထိုတာဝန်ကို ကျွန်တော်က ကျေပွန်စွာ မထမ်းဆောင် နိုင်ခဲ့သော်၊ ကျွန်တော့်အနုပညာကတော့ တာဝန်ကျေနိုင်ပါလိမ့်မည်။ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် ကျွန်တော်သည် ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချစွာ တာဝန်မခံရဲပါ။ သို့သော် ကျွန်တော်နှင့် ဆန့်ကျင်ဘက်အခြေ ကျွန်တော့်အနုပညာအပေါ်မှာတော့ ရဲဝံ့စွာ အာမခံလိုပါ၏။ မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



သူများအား အသက်ချင်းထပ၍ လောင်းကစားနိုင်ကြောင်း ဖိတ်ခေါ်လိုက်ပါသည်။

ကျွန်တော် ဖန်တီးလိုက်သော အနုပညာသည် ခေတ်ကာလကို ကောင်းစွာ တင်ဆက်ဖော်ပြ နိုင်စွမ်းရှိပါလိမ့်မည်။ ဒါ အလွန်သေချာပါသည်။

၁၂။ ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက်ရှိပါသည်။ သူသည် စကားလုံးများနှင့် စက္ကူစာရွက်များပေါ်မှာ စိုက်ပျိုးထွန်ယက်သူ အညတရ လူငယ်လေးတစ်ယောက်မျှသာ ဖြစ်၏။ မည်သည့်ခမ်းနားထည်ဝါမှုမှ မရှိသော လေလွင့်သူ အိမ်ပြေးတစ်ဦးလည်း ဖြစ်သည်။ သူက မြေကြီးကို ချစ်သည်။ ခရေပန်းကို ချစ်သည်။ ကဗျာနှင့် သီချင်းများကို ချစ်သည်။ သူ့မှာဘာမှမရှိပါ။ ဘာရည်ရွယ်ချက်မှလည်း မရှိပါ။ ဘာမှလည်း မဖြစ်ချင်ပါ။ ထို့ကြောင့်လည်း ယနေ့ထက်တိုင် သူတည်ငြိမ်စွာ ရှိနေရခြင်းဖြစ်သည်။

အမြဲလိုလို ယောက်ယက်ခတ်နေတတ်သည့် ကျွန်တော်သည် အေးချမ်းလှသော သူငယ်ချင်း၏ ဘဝကို အားကျလာတော့သည်။ သူ့လို စိတ်မျိုး မထားတတ်ခဲ့ခြင်းအတွက်လည်း ကိုယ့်ကိုယ်ကို မချင့်မရဲဖြစ်မိလေသည်။

၁၃။ အတိတ်ကာလက ကျွန်တော်က သူရဲကောင်းတစ်ဦး ဖြစ်ချင်ပါသည်။ အကျည်းတန်သော ပုံတိုပတ်စများစွာသည် သူရဲကောင်းဘဝကို အနှောင့်အယှက်ဖြစ်မည်စိုး၍ ကျွန်တော် စနစ်တကျမေ့ပစ်၏။ ထို့ကြောင့် ကျွန်တော့်ထံ၌ အတိတ်ကာလသည်မရှိတော့။ အတိတ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဖသောကြောင့် ကျွန်တော့်မှာသမိုင်းလည်း မရှိချေ။ သူရဲကောင်းတို့မည်သည် ထည်ဝါခန့်ညားသော သမိုင်းကြောင်းများ ကိုယ်စီကိုယ်ငရှိတတ်ကြ၏။ သမိုင်းကြောင်းမရှိသော ကျွန်တော်သည် သူရဲကောင်းဖြစ်ခွင့်လည်း မရနိုင်။ အခုမှ သူရဲကောင်းဖြစ်လိုစိတ်နှင့် အတိတ်ကို ပြန်ပြီး မတူးဖော်ချင်ပေ။ သို့သော် စိတ်ဓာတ်တော့ မကျပါ။ အဘယ်ကြောင့်ဆိုသော် အတိတ်သမိုင်းမရှိပေမယ့်လည်း ကျွန်တော့်မှာ အနာဂတ်ရှိနေပါသည်။

အနာဂတ်ရှိနေသူ တစ်ယောက်ဆိုတာ သူရဲကောင်းဖြစ်ရုံသာမက ဘုရင်ပင် ဖြစ်နိုင်သေးသည်မဟုတ်ပါလား။

၁၄။ ချစ်စရာကောင်းသော သုညလေးတစ်လုံး၏ လက်သီးပုန်းကို အခုဆို သင်တို့လည်း ခံနိုင်ရည်ရှိလောက်ပြီ။ ဘာပဲဖြစ်ဖြစ်ပါနေ့၊ ဒီနေရာမှာ ဒီလိုလူငယ်တစ်ဦးဖြစ်နေရာတာကို ကျွန်တော်ပျော်ပါသည်။

နယူတန်၏ ရှေ့တည့်တည့်ကြွေကျလာဖူးသော ပန်းသီးတစ်လုံးနှင့်ယာနာမင်းသမီးရဲ့ ပါရမီဖြည့်ဖက် ပါပါရာဇီတစ်ယောက်၊ နားရွက်နှစ်ဖက်စလုံးပြတ်နေသည့် ဗင်းဆင့်ဗန်ဂိုး၊ ရုပ်ဖျက်ထားသော ဘုရားသခင်နှင့် ခွေးအတစ်ကောင်သည် ကံကြမ္မာပန်းချီကားတွေ ချိတ်ဆွဲထားသည့် ဟင်းလင်းပြင်ထဲမှာ ငေးငေးငူငူနှင့် ရှိနေပါ၏။ ကျွန်တော့်ခြေသံမှာ လုံလွန်းသဖြင့် သူတို့တစ်တွေသည် ဟင်းလင်းပြင်ထဲမှာ ကျွန်တော်ရှိနေတာကို သိကြပုံမပေါ်ပါ။ ဒါကို ကျွန်တော်က ကြိတ်၍ပြုံးလိုက်မိ၏။

မှန်သည့်အတိုင်းဆိုရလျှင် သူတို့အားလုံးသည် ကျွန်တော့်ဝတ္ထု တက်သိမ်းခန်းအတွက် သရုပ်ဆောင်ခ ပေးစရာမလိုသော ဧည့်သည်

www.burmeseclassic.com



သရုပ်ဆောင်များလည်း ဖြစ်ကြလေသည်။

စပယ်ဖြူမဝွေ

♛ ♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com

# မိုးရာသီလွမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com



(က)

အေးစိမ့်၍ အရသာရှိသော ရာသီကို မိုးဥတုဟု အလွယ်ခေါ်လိုက်လျှင် ကန့်ကွက်ချင်သူတွေ တစ်ဒါဇင်ခန့် ရှိနိုင်ပါသည်။ ထိုထက်ပိုမိုရင်ဖြင့် ကျွန်တော့်ရဲ့ လူတွေအပေါ် ဩဇာကြီးမားနေမှုကို ကျွန်တော်ကိုယ်တိုင် ပြန်၍ ရယ်သွမ်းသွေးချင်မိသည်။ ကျွန်တော်က ကမ္ဘာကြီးထံမှ ကိုယ်ပေးထားတာထက် ပိုပြီး ရယူလိုသူ မဟုတ်သောကြောင့်ဖြစ်၏။ ဒါသည် လူတချို့၏ သဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေမှာ သေချာသော်လည်း ကျွန်တော်က ဒီတစ်ခါလည်း ကိုယ့်အယူအဆနဲ့ကိုယ် ထီးထီးကြီး ဖြစ်နေဦးမည်ဟု ထင်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ဒါမျိုးကိစ္စများ၌ ပျော်ရွှင်စွာ နေသားကျနေခဲ့လေပြီ။

ထားပါတော့… ။ မိုး၏အမည်နာမနှင့် ဖွင့်ဆိုချက်က ဘယ်လိုပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါစေ ကျွန်တော့်အတွက် မိုးဥတုသည် ရာသီစက်ဝိုင်းထဲမှာ သဘောကျနှစ်ခြိုက်စရာ ကောင်းသောအချိန်ကာလပဲ ဖြစ်သည်။

မိုးစက်၊ မိုးပေါက်များအောက်၌ ကျွန်တော့်ဘဝသည် အချိုးအကွေ့များစွာ ဖြစ်ခဲ့ဖူး၏။ ကျွန်တော်သည် မိုးရေတွေကြားမှာ "ဖွန်လ၏မိုးရေများ" ကဗျာစာအုပ်ကို ဖတ်ခဲ့သည်။ အဖေနှင့် စကားများပြီး အိမ်ကနေ ဆင်းခဲ့သည်။ ပထမဦးဆုံးသော ရည်းစားက ကျွန်တော့်ကို ဖြတ်သွား၍ အသည်းကွဲခဲ့သည်။ ထိုအသည်းကွဲသောကိစ္စနဲ့ ပတ်သက်ပြီး ကဗျာတော့ မရေးဖြစ်ခဲ့။ (အဲဒီတုန်းက အသည်းကွဲပြီး ကဗျာရေးတယ်ဆိုတာ အဘိဓမ္မာနိုင်မာသည့် မဟာကဗျာဆရာကြီးတွေရဲ့ အလုပ် မဟုတ် . . . ဟူသော ခံယူချက်မျိုး ကျွန်တော့်မှာရှိ၏။) မိုးရာသီကာလများအတွင်း ကျွန်တော့်မှာ လုပ်ခဲ့၊ ဖြစ်ခဲ့တာတွေ အတော်များများ ရှိပြီး မလုပ်ခဲ့၊ မဖြစ်ခဲ့တာတွေလည်း အများကြီးရှိခဲ့ပါသည်။

မိုး၏ စပ်ဖျဉ်းဖျဉ်းနှင့် စွဲမက်ဖွယ် အရသာသည် ကျွန်တော့်သွေးကြောထဲတွင် ငယ်စဉ်ကလေးဘဝမှစ၍ ယနေ့တိုင် စီးဆင်းရှင်သန်လျက် ရှိနေသည်မှာ ကျွန်တော်ကိုယ်တိုင်အသိဆုံးပဲ မဟုတ်ပါလား။

(၁)

သစ္စာနီဆိုသော ကဗျာဆရာတစ်ဦးသည် သူ့ကဗျာတစ်ပုဒ်တွင်—

"မိုးကလွဲလို့ အားလုံးနဲ့လွဲခဲ့ပေါ့" ဟု မိုးဥတုကို ဒုက္ခတစ်ဝက်နှင့် လှပအောင် ရေးဖွဲ့ခဲ့ပါ၏။ ကျွန်တော့်မှတ်ဉာဏ်သည် မိုးနှင့်ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေးထားသော မြန်မာကဗျာတွေ၊ ဝတ္ထုတွေကို အပုဒ်ပေါင်း မြောက်မြား စွာ ဖတ်ခဲ့ဖူးတာ ပြန်လည်သတိရသွားပါသည်။ ကျွန်တော့်တဝကျွပ် မိုးရာသီအကြောင်း ဖွဲ့ဆိုထားသည့် တေးသီချင်းများနှင့် မိုးရာသီနောက်ခံ ရုပ်ရှင်ကားများကို တစ်စုံတစ်ရာသော အတိုင်းအတာအထိ နားဆင်ကြည့် ရှုခဲ့ဖူး၏။

ဒါ့အပြင် မိုးဖွဲဖွဲရွာကျနေသော ရှုခင်းပါသည့် ပန်းချီကားတချို့ ကိုလည်း ကျွန်တော်က ပိုင်ဆိုင်ထားသေးသည်။ ကျွန်တော်ကိုယ်တိုင် ရေးသားခဲ့သော ကဗျာတစ်ပုဒ်ရဲ့ အမည်မှာ "ဆွဲငင်ထားတဲ့ ဖူလိုင်မိုး စက်တွေ" ဟူ၍ဖြစ်၏။ သင်သိထားရန် တစ်ခုမှာ ယခုရာသီသည် မိုးရာသီဖြစ်ပါသည်။

သိပ်မဝေးလှသော ကာလတစ်ခုတုန်းကဆိုလျှင် ကျွန်တော်ရေး သမျှ ဝတ္ထု၊ ကဗျာများ၌ မိုး၏အငွေ့အသက်တွေ ရိုက်ခတ် ဖုံးလွှမ်းနေမည့် သည်အထိ ဖြစ်ဖူးလေသည်။ မိုးရာသီ၏ စေ့ဆော်မှုကြောင့် ကျွန်တော့်အနု ပညာ ဖန်တီးချက်တွေ အရိုင်းဆန်ခဲ့တာလည်း ရှိ၏။ ထိုအရိုင်းဆန်သော အလှတရားမျိုးသည် ကိုယ်ရှာဖွေအားထုတ်တိုင်း ရတတ်သည် မဟုတ် သဖြင့် ကျွန်တော်က မိုးရာသီရဲ့ ပံ့ပိုးမှုကို ရိုးသားစွာ စကားဆိုချင်မိလေ သည်။

တစ်ခါတစ်ရံများမှာတော့ မိုးရွာလာသည့်အခါ ငယ်ငယ်က အော်ဆိုနေကျအတိုင်း "မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်" ဟူသော ကိုင်ဇာ၏ သီချင်းအား



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မရှက်ဘဲ အားရပါးရ ဆိုပစ်လိုက်ချင်၏။ သို့သော် ထိုဆန္ဒမှာ ဆန္ဒသာ ဖြစ်ခဲ့၍ ကျွန်တော်ဆယ်တန်းအောင်မြင်ပြီးကတည်းက အခုချိန် အထိ အဲဒီသီချင်းကို ဆန္ဒရှိသလို တစ်ခါမှ မဆိုဖြစ်ခဲ့ပေ။

ဒါပေမယ့် ကျွန်တော် ဖွဲ့မလျော့သေးပါ။ တစ်နေ့နေ့ တစ်ချိန်ချိန် တွင်တော့ ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရမည်ဟု စိတ်မှာ တေးမှတ်ထားမိ၏။ ဟော ... ရုတ်တရက် ကျွန်တော်စိမ့်ခနဲ ဖြစ်သွား သည်။ အိမ်အပြင်ဘက်မှာ မိုးတွေက လေနှင့်အတူ သဲသဲမဲမဲ တိုက်ခတ် ရွာသွန်းနေကြပုံရသည်။

ကျွန်တော်သည် ဒီလိုအချိန်အခါမျိုး၌ အတိတ်တုန်းကလိုပင် အနုပညာခံစားချက်တို့ကို မတော်တဆ လင်းပွင့်လာခဲ့လျှင် အဆင်သင့် ဖြစ်နေစေရန် ပြင်ဆင်ထားလိုက်ပါ၏။ မနာလိုသူတချို့က ဒါကို မရိုးသား သောနည်းဖြင့် အတင်းလုပ်ယူသည်ဟု အပြစ်ပြောချင်ကြသည်။ ကျွန်တော့် မှာ ထိုသူများနှင့် အပြန်အလှန် ငြင်းခုံဖို့ အချိန်မရှိသည်ဖြစ်ရာ ပြုံးပြီး သူတို့စွပ်စွဲချက်တွေကို နားထောင်နေရုံသာ တတ်နိုင်လေသည်။

အချို့သော အနုပညာပစ္စည်းများကို ပြည့်စုံစွာ ဖန်တီးရန် ကျွမ်း ကျင်၍ ပြင်းထန်သည့် ခံစားမှုအပြင် ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်နှင့် မလျှော့သော ဖွဲ့လုံ့လမျိုးပါလိုအပ်ကြောင်း ကျွန်တော်သိထား ခဲ့ပြီးသားဖြစ် ပါသည်။

မိုးသည်တစ်ခါတစ်လေတော့လည်း လွမ်းစရာကောင်းသော အတိက်ဇာတ်လမ်းများကို ပြန်လည်တူးဆွနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com


"နင် ငါ့ကို မနက်ဖြန်ကျရင် အကြွေးလေးဆယ် ပြန်ဆပ်ဦး၊နော် ကောင်းထက်။ မေ့မနေနဲ့ဦး . . ."

အေမွန် (ဆယ်တန်းတုန်းက သူငယ်ချင်း)

"ကိုကြီး . . . ရှော့ရှော့၊ ဒီမုန့်တွေကို အဖေ မမြင်အောင် အမြန်ဝိုင်းစားပေးဦး . . ."

အိသီဂီမောင် (ညီမလတ်)

"ဟိတ်ကောင်၊ ကောင်းထက် . . . မင်းက ဘာကြည့်တာလဲ၊ ချချင်လို့လား"

ဖင်ကို (မတည့်အတူနေဘော်ဒါ)

"နင့်ကိုနင် ဘာများထင်နေလဲ ကောင်းထက်၊ လူကဖြင့် လက်တောက်လောက်လေးရှိသေးတယ်။ အမေကို တစ်ခွန်းမကျန် ပြန်ပြောနေတာ . . . ငါလုပ်ထည့်လိုက်ရင် သေဦးမယ် . . . ဟွန်း၊ . . ."

ဒေါ်ကေသီအောင် (အမေ)

"ဟဲ့ . . . ကောင်းထက် နင့်ကြောင့် မနေ့က ငါ့ထီး ကျိုးသွားတာကို အခုမှလာပြီး မသိချင်ယောင်ဆောင်မနေနဲ့။ ပြန်လျော်ပေးနော်၊ မလျော်ပေးလို့ကတော့ နင့်အမေနဲ့ လိုက်ပြီးတိုင်ပြောမယ်"

အေးချမ်းမြေ့ (အတန်းပိုင်ဆရာမ၏ အစွာဆုံးသမီး)

(၁)

ဘယ်သူသည် ဘယ်တုန်းက ဘယ်ကဲ့သို့သော စိတ်သဘောထား


www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျွန်တော့်ကို အနုပညာ၏ ကျေးကျွန်ဖြစ်နေအောင် ကျိန်စာတိုက်ခဲ့လေသနည်း။

ထိုမေးခွန်းရဲ့ အဖြေမှန်အား သိရှိသူ မည်သူမဆို ကျွန်တော်က (၁၉)လမ်းထိပ်တွင် ဝက်သားတုတ်ထိုး အဝကျွေးရန် အာမခံပါသည်။ ဟုတ်လို့လားဟု သံသယနှင့် ထပ်၍ မေးဖို့မလိုပါ။ အဖြေသိသူကို ဝက်သားတုတ်ထိုးကျွေးရန် လုံးဝအတိအကျ ကျွန်တော့ဘက်က ကျိန်းသေတာဝန်ယူပါမည်။

ရုတ်တရက် ကျွန်တော့ခြေထောက် အောက်ပိုင်းနားသို့ မိုးစက်ဓလေးများ ကျရောက်လာ၏။ ထိုအဖြစ်အပျက်ကြောင့် ကျွန်တော်ရေးခဲ့ဖူးတဲ့ ဝတ္ထုတစ်ပုဒ်ထဲမှ စာသားများကို သွားသတိရလိုက်မိသည်။

ရော်... ခက်လေပြီ။ ငါဟာ တစ်ခုခုနဲ့ တိုက်ဆိုင်လိုက်တိုင်းမှာ ဘာဖြစ်လို့ အဲဒီကဗျာတွေ၊ ဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ သီချင်းတွေကိုပဲ သွားသတိရနေရတာလဲ။ ခက်လိုက်တာ...။

ကျွန်တော်သည် မိုးရွာသောနေ့တစ်နေ့မှာ ကိုယ့်စွဲလမ်းမှုအား ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်စိတ်ပျက်သွားမိခဲ့သည်။ ဒီလိုနှင့် ကာကီရောင် မိုးသားများအောက်တွင် ကျွန်တော်က အနုပညာနဲ့ ခပ်ကင်းကင်းနေဖို့ စတင်တွေးမိကာ အလွန်ပင် ကျေနပ်သွား၏။

ထိုနေ့က ကျွန်တော်သည် အရမ်းလွတ်လပ်ပေါ့ပါးနေခဲ့ပြီး အစစအရာရာ အားလုံးမှာလည်း တော်တော်ပဲ အဆင်ပြေလှသည်။ ကလေးငယ်တစ်ယောက်လိုကျွန်တော်က လုပ်ချင်ရာတွေကို တစ်နေကုန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုပ်နေလိုက်၏။ ညကျတော့ ဘာဖိအားတစ်စုံတစ်ရာမှ မရှိသော ဒီလိုနေ့မျိုးကို ဒိုင်ယာရီထဲ၌ မှတ်တမ်းတင်သည့် ဝါကျတွေ ရေးပြီးမှ အိပ်ရာဝင်ခဲ့သည်။ ရေးကောင်းကောင်းနဲ့မို့ ဗိုင်ယာရီရဲ့ စာမျက်နှာ ဆယ်မျက်နှာခန့်မှာ စကားလုံးတွေ ပြည့်နက်သွားပြီ အချိန်ကလည်း ညဥ့်တစ်ချက်ထိုးသွား၏။

မနက်မိုးလင်းလာသောအခါ ကျွန်တော့ခေါင်းတစ်ခုလုံးတွင် မူး နောက်နောက်ဝေဒနာနှင့် အိပ်ရာမှ နိုးထလာခဲ့ပါသည်။ ညက အိပ်ရာ ဝင်နောက်ကျလို့ ဖြစ်ပေလိမ့်မည်။ စောစောစီးစီး သူငယ်ချင်း အယ်ဒီတာ တစ်ယောက်က အိမ်ကို ရောက်လာ၏။ သူ့မဂ္ဂဇင်းအတွက် တောင်းထား သော စာမူပြီး မပြီး လာစစ်ဆေးတာပဲ ဖြစ်၏။ ထိုသူငယ်ချင်းက ကျွန် တော့်အခန်းထဲအထိ ဝင်လာသည်။

"ဟော့ကောင်... မျက်နှာသစ်၊ လက်ဖက်ရည်ဆိုင်သွားကြမယ်"

"အေး ... အေး..."

"မင်းကလည်း အိပ်လိုက်တာ၊ ဘယ်အချိန်တောင် ရှိနေပြီလဲ"

"ငါ ညတုန်းက အိပ်ရာဝင်တာ နောက်ကျလို့ကွ..."

"ဘာလဲ။ ငါတို့မဂ္ဂဇင်းအတွက် စာမူရေးနေလို့လား... ဟုတ် လား"

"မဟုတ်ပါဘူးကွ...၊ ကဲ... ခဏစောင့်ဦး..."

ကျွန်တော်က သူငယ်ချင်းကို စကားဖြတ်ပြီး ရေချိုးခန်းထဲမှာ မျက်နှာအမြန်သစ်လိုက်ပါသည်။ မိုးတွင်းမနက်ခင်းမို့ အနည်းငယ်မှိုင်းအေး



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ဒါကြောင့် ကျွန်တော်လည်း ရေမချိုးတော့ဘဲ မျက်နှာကို သုတ်ကာ အဝတ်လဲပစ်လိုက်သည်။

ထိုစဉ် သူငယ်ချင်းက ...

"ဟာ... ကောင်းလိုက်တဲ့ အက်ဆေးလေးကွာ..."

ကျွန်တော်က သူ့ကို လှမ်းကြည့်လိုက်မိ၏။ သူ့လက်ထဲတွင် ကျွန်တော့်ဒိုင်ယာရီစာအုပ်ကို ဖတ်လက်စ အနေအထားနှင့်တွေ့ရမှ ကျွန်တော်သဘောပေါက်သွားပါသည်။ ကျွန်တော့်မှာ သူ့ကို ဘာပြန်ပြောရမှန်း မသိဘဲ ကြောင်အ,အ ဖြစ်နေဆဲ...။ သူက...

"ငါတို့ မဂ္ဂဇင်းအတွက် ဒီဟာလေးကိုပဲ ယူလိုက်တော့မယ်ရနော် ဟေ့ကောင်..."

"ငါက အဲဒါ ဒိုင်ယာရီ ရေးထားတာကွ။ မဂ္ဂဇင်းပေးဖို့ မဟုတ်ဘူး"

"မင်းကလေ၊ လုပ်ပါတယ်ဆိုမှ ရေမချိုးရသေးဘူး လုပ်နေပြန်ပြီ။ အချင်းချင်းတွေကို ပဲသိပ်မများနဲ့။ ဒါပဲ ငါယူသွားမယ်။ ရော့...ဒီမှာ၊ တစ်ခါတည်း ခေါင်းစဉ်ပါ တပ်လိုက်ဦး"

ကျွန်တော်လည်း ဒီကောင့်ကို ဘယ်လိုမှ ငြင်းဆန်၍ မရနိုင်တော့မှန်း သဘောပေါက်သွားမိ၏။ သူ့ဆီမှ ဒိုင်ယာရီစာအုပ်ကို ယူပြီး ပြန်ဖတ်ကြည့်တော့ တကယ်ပဲ သူပြောသလို ဖတ်ရတာ အဆင်ပြေနေပေ သည်။

ထိုစာစုကို ကျွန်တော်က "အနုပညာနှင့် ကင်းလွတ်သော



www.burmeseclassic.com

www.burmeseclassic.com



မိုးနေ့တစ်နေ့''ဟု အမည်ပေးလိုက်၏။ သူငယ်ချင်း အယ်ဒီတာက လက်ဖက်ရည် အမြန်သောက်ပြီး ကျွန်တော့်ဒိုင်ယာရီကို လမ်းထိပ်တွင် ပစ်ထုပ်ကူးယူ၍ ပျော်ရွှင်စွာ ပြန်သွားခဲ့သည်။ ကျွန်တော့်ကိုလည်း "ဒါမျိုးနောက်တစ်ပုဒ်ရေးထားဦး'' ဟု မှာသွားသေး၏။

အဲဒီနည်းဖြင့် ကျွန်တော်သည် စကားလုံးတွေကို ပြန်လည်ထိတွေ့ ဆက်ဆံရပါသည်။ ကျွန်တော်လည်း အနုပညာရဲ့ ကျေးကျွန်တစ်ဦးဘဝကို အလိုလို ပြန်ရောက်သွားခဲ့ရတော့၏။ နေ့စဉ် ကြုံတွေ့ရသမျှ ဖြစ်အပျက်များကြား၌ ဘယ်အရာကဝတ္ထုအတွက်၊ ဘာအဓိပ္ပာယ်ကတော့ ကဗျာအတွက် စသဖြင့် ဝေစုခွဲရင်း ကျွန်တော့်မှာ အသက်တွေကြီးလာခဲ့ရလေသည်။ ဘယ်လိုပင်ဖြစ်စေ ကျွန်တော်ကျေးမည့် (၁၉)လမ်းထိပ်က ဝက်သားတုတ်ထိုးတွေကို ယနေ့တိုင် ဘယ်သူမှ စားခွင့်မကြုံသေးသည်မှာ သဘာဝတရားကြီး၏ လှပသော ထိုးဇာတ်တစ်ပုဒ်ဖြစ်နိုင်သည်။ ဒါကို ကျွန်တော်တို့က ရှိရှိသေသေ စောင့်ကြည့်ကြပါစို့။

(ဃ)

သင်သည် တစ်ခါတုန်းက ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မိုးရာသီတင်ဆက်မှု တချို့အကြောင်းကို မှတ်မိနေခဲ့ဦးမည်ဆိုလျှင် ဒီဝတ္ထုသည် ဒီနေရာမှာပဲ ပြီးဆုံးသွားပြီဟု မှတ်ယူလိုက်ပါ။ တကယ်များ သင်က ကံမကောင်း၍ အဲဒီလို မမှတ်မိဘူးဆိုပါက မိုးရွာသည့်အခါတိုင်း လမ်းမပေါ်၌ ဘောင်းဘီတိုနှင့် မိုးရေထွက်ချိုးပါ။ သင့်ကို အရပ်ထဲမှ "ရူးသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ" ဟူသော သတ်မှတ်ချက်မျိုး ရရှိလာမှ မိုးရေချိုးခြင်းကို ရပ်ပါ

ထိုအခါ ဒီဝတ္ထုကို ဖတ်ရတာ ပိုမိုအရသာရှိလာပါလိမ့်မည်

ဝတ္ထုထဲမှ စကားလုံးများသည် သင့်ကိုယ်ပိုင်ဖြစ်လာမည်။ ဝတ္ထုကို သ

သဘောကျပြီးချင်သည့်နေရာ၌ ပြီးဆုံးနိုင်ပြီး စချင်သည့်နေရာက စတ

နိုင်မည်ဖြစ်သည်။ ဒါ့အပြင် ဝတ္ထုတစ်ပုဒ်လုံးသည် သင့်ပိုင်ဆိုင်မှုအဖြ

သင့်ခန္ဓာကိုယ်အတွင်း မိုးနှင့်အတူ သင်းပျံ့စွတ်စိုနေပေလိမ့်မည်။

(င)

ရာသီစက်ဝိုင်းသည် သူ့သဘာဝအတိုင်း လှည့်ပတ်လျက်ရှိ

သည်။ ကျွန်တော်တို့နိုင်ငံ၌ နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုကို သုံးမျိ

ခွဲခြားသတ်မှတ်ထား၏။ ကျွန်တော်ကတော့ ထိုသုံးရာသီအနက် မိုးရာသ

ကို လွမ်းဆွေးဆွတ်ပျံ့စရာ အကောင်းဆုံးရာသီဟု သဘောရပါသည်

ထို့ကြောင့်လည်း ကျွန်တော့်နှလုံးသားနှင့် မိုးရာသီတို့မှာ အကြိမ်ကြိ

ဟိုက်ဆိုင်၍ အခါခါ လွဲချော်နေကြခြင်းဖြစ်ဟန်တူပါသည်။

ဒါကြောင့်ပင် ကျွန်တော်က ဒီဝတ္ထုအား ရေးလိုက်၏။

ဒါကြောင့်ပင် သင်တို့က ဝတ္ထုကို ဖတ်ကြ၏။

ဒါကြောင့်ပင် အရှိတရားသည် သင်တို့နှင့် အဝေးဆုံးအရပ်

ရောက်နေ၏။

ဒါကြောင့်ပင် လူတချို့သည် ဘာမှမရှိဘဲနှင့် အသက်ရှင်နေထို

လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပင် ကျွန်တော့်မှာ အသက်ရှိနေခဲ့ပြီး ကျန်တာ ဘာမှ မရှိသောကြောင့် ဝတ္ထုတစ်ပုဒ် ဖြစ်လာအောင် ကျွန်တော်လုံးဝ မတတ်နိုင် ခြင်းဖြစ်ပါ၏။

ဒါကြောင့်ပင် သင် ယခုဖတ်နေတာ ဝတ္ထုတစ်ပုဒ်မဟုတ်၊ ဝတ္ထု တစ်ပုဒ် မဟုတ်သဖြင့် တခြားသော အရာတွေလည်း မဟုတ်နိုင်။ အကယ် ၍ တစ်ခုခုဟုတ်မှဖြစ်လိမ့်မည်ဆိုလျှင် ဒီအရာသည် မိုးရာသီဆီမှ ထွက်ပြေးလာသည့် မိုးရာသီတစ်ခုတော့ ဖြစ်နေနိုင်လေသည်။

**Emperor** မဂ္ဂဇင်း

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

လူတွေသိထားပြီးသားကိစ္စများကိုပဲ.......

ဝတ္ထုတိုယောင်ဆောင်လိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



(က)

ဒီနေ့လူ့အဖွဲ့အစည်း၌ မမြင်ရသော အလင်းရောင်တစ်မျိုးက ပုန်းလျှိုး ကွယ်လျှိုးနဲ့ အိပ်ငိုက်နေသည်မှာ တော်တော်ပင် ကြာမြင့်နေခဲ့ပြီ။ ဒီလိုဆိုလိုက်သဖြင့် သူ့ကို အပျင်းကြီးလွန်းသည်ဟု အပြစ်တင် မပြောစေချင်ပါ။ သူ့မှာ အိပ်ငိုက်စရာ အကြောင်းများ လုံလောက်စွာရှိ၍သာ အိပ်ငိုက်နေခြင်း ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က မမြင်ရသော အလင်းရောင်ပါးပါးလေး၏ကိုယ်စား အားလုံးကို ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားလိုက်ပါသည်။ ကျွန်တော့်စကားသံကို မိတ်ဆွေတို့အနေနဲ့ မကြားရပါက အပင်ပန်းခံပြီး အတင်းအားစိုက်၍ နားထောင်မနေပါနှင့်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ပြောလိုက်သည့် စကားသံမှာ နားနဲ့ မကြားနိုင်သော အသံလှိုင်းတစ်မျိုး ဖြစ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြစ်ပါသည်။

ထိုသို့ဖြင့် ကျွန်တော့်ကို အ,အဟူ၍ လည်းကောင်း၊ အကန်းဟူ၍လည်းကောင်း ပတ်ဝန်းကျင်က လွယ်လွယ်ပဲ သတ်မှတ်ထားလိုက်ကြပါတော့၏။ ဘယ်သူတွေ ဘယ်လိုထင်ထင် အရေးမကြီးလှပါ။ ကျွန်တော်က ညအချိန်များ၌ မမြင်ရသော အလင်းရောင်နှင့် မကြားရသော အသံလှိုင်းများကို အားကိုး၍ လမ်းလျှောက်ထွက်သည်။ သီးနှံများကို စိုက်ပျိုးသည်။ ဖီးကွက်တစ်ကောင်နှင့်အတူ အရက်ထိုင်သောက်သည်။ တစ်ခါတစ်လေမှာတော့ မျက်မှန်အမည်းကြီး တပ်ပြီး တစ်ကိုယ်တော် အမဲလိုက်ထွက်သည်။ ပျင်းသည့်အခါများ၌ John Ashbery ဆိုသော ပုဂ္ဂိုလ်ကြီးနှင့် Language Poetry တွေအကြောင်း ဆွေးနွေးမေးမြန်းနေလေ့ ရှိသည်။ ဒါမှမဟုတ်သေးလျှင် ခင်ဝမ်း၏ 'ပြည်မှာဆောင်း' နှင့် ထူးအိမ်သင်၏ 'အမေ့အိမ်' တို့ကို အပျင်းပြေ ဆိုညည်းကြည့်နိုင်သေးသည်။ ဘယ်လောက်အဆင်ပြေလိုက်သနည်း။ ကျွန်တော်ကဲ့သို့ သောယွဲ့အနားမကြားတစ်ယောက်အနေဖြင့် ညအချိန်၌ အခုလို အရသာရှိစွာ နေထိုင်နိုင်ခြင်းကို ဘယ်သူမှ မနာလို မဖြစ်ကြတာတော့ နည်းနည်းဆန်းသည်။

ကေန္တတော့ သူတို့ ကျွန်တော့်ကို အရူးဟု သတ်မှတ်ထားလိုက်ကြပြန်ပြီ ထင်သည်။ ကိစ္စမရှိပါ . . .။ ပြဿနာရှိတာတစ်ခုက အရူးစစ်စစ်တွေသည် ကျွန်တော့်လောက် မရူးသွပ်နိုင်ကြခြင်း ဖြစ်ပါ၏။

ကဲ . . . သင်ကရော ဘယ်လောက်ဖိုး ရူးရန် စဉ်းစားထားပါသလဲ။ ဒိုးလုံးဆိုသည့် အဆိုတော်ကတော့ 'အရိုးထိအောင်ရူး' ဟု သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူ အဖြေပေးပြီးနောက် အသက် (၂၇) နှစ်အရွယ်တွင် ရေစီတော်၌ အိပ်ပျော် သွားလေပြီ။ ကျွန်တော်က အိပ်ပျော်နေသော ဗိုးလုံး၏ အိပ်မက်များကို ရောင်းစားဖို့ ကြိုးစားလျက် ရှိပါသည်။ သူများတွေ ဘာပြောပြော ကျွန် တော်က အရေးမစိုက်ပါ။ ကျွန်တော်သည် ဇွဲ၊ အာနားမကြားသူ အရူး တစ်ယောက်သာ ဖြစ်ပါသည်။

♛♛♛

(၁)

"ကောင်းလွန်းလို့ လူနဲ့တောင် မတန်ဘူး" ဆိုသည့် မှတ်ချက်၌ ကျွန်တော် အလန့်တကြား နိုးထလာခဲ့မိ၏။ ကိုယ့်အသက်ကိုယ် ပြန်စမ်းလိုက်တော့ သူငယ်ချင်းက "လုပ်မနေစမ်းပါနဲ့၊ မင်းက မှော်အောင်ပြီးသားပဲ" ဟု ချောက်ထဲ တွန်းချပစ်လိုက်သည်။ ကျွန်တော်က ပခုံးကို တစ်ချက်တွန့်လိုက်ရင်း မသိမသာ စိတ်ကြီးဝင်နေမိသည်။

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်းကြီး မိုဟာမက်အလီက "ကျွန်တော်ဟာ ကျော်ကြားမှုကို ဂရုမစိုက်ပါဘူး။ ကျွန်တော် ဂရုစိုက်တာက ပြည်သူတွေရဲ့နားပဲ။ သူတို့မှသာလျှင် အမှန်တရားကို တကယ်ကြားကြရတာ၊ လက်ခံကြရတာ မဟုတ်လား" ဟူ၍ ပြောခဲ့ဖူး၏။

အမှန်တရားကို လုံးဝ ဂရုမစိုက်ဘဲ ငါကျော်ကြားရင်ပြီးရောဆိုသည့် သတ္တဝါလေးများအား မိုဟာမက်အလီက သူလက်သီးနဲ့ ထိုး၍ ဆုံးမလိမ့်မည် မဟုတ်။ တစ်ခုခုတော့ ဖြစ်လိမ့်မည်။ လက်သီးခွန်အားကြီးရုံသာမက အသိဉာဏ်ပါ ခွန်အားကြီးဖို့ လိုကြောင်းမှာ မစ္စတာအလီ၏ စကားက ညွှန်းဆိုပြနေပါသည်။

www.burmeseclassic.com



အကန်းတစ်ယောက်ရဲ့ လက်နဲ့ ထိစမ်းမိသမျှအားလုံးမှာ ငွေဒင်္ဂါးသံတွေ တချွင်ချွင် မြည်နေ၏။ တချို့လူတွေက မိုးလင်းသွားသဖြင့် စိတ်ညစ်နေကြသည်။ တချို့လူတွေကျတော့ မိုးမလင်းသေးသဖြင့် စိတ်လောနေကြ၏။

ဟို... အနာဂတ်ရဲ့တစ်ယောက်ရော၊ အခုတလော ဘာတွေ တွက်ချေကိုက်သလဲဆိုတာ သိထားရမည်။ ဂျာနယ်ထဲမှာ ကောင်မလေးရဲ့ ပညာအရည်အချင်းက လင်ယူသားမွေး ဒုတိယနှစ်လို့ ရေးထား၏။ သူက စူပါစတားဆိုတော့ ရှူးချင်ယောင်ဆောင်နေတာလည်း သရုပ်ဆောင်ကြေး ပေး ရပြီပေါ့။ ဒီလောက်လေးကို ထပ်ဆစ်မနေပါနဲ့တော့။ ကြည့်စမ်းပါဦး။ ဆွံ့အနားမကြားတစ်ယောက်က ဉာဏ်နဲ့ ငွေရှာပြနေတာ။ အတုယူဖို့ တောင် ကောင်းနေပြီ။

ဂုဏ်ရှိဖို့ အလုပ်လုပ်နေသူများနှင့် ငွေရှိဖို့ အလုပ်လုပ်နေသူများ ကြားတွင် ကျွန်တော့်လို အရူးတစ်ယောက်က စိတ်မောလှပါသည်။ အဖိုးတန် အခိုးအငွေ့တွေကို နမြောနေသူမှာ တစ်ယောက်တည်း သက်ပြင်းတွေ ချလျက် ရှိ၏။ စိတ်ပြတင်းပေါက်၌ အလင်းတစ်ခုက ပြက်ခနဲ လက်သွားသည်။

တဏှာရူး၊ ဥစ္စာရူး၊ သိက္ခာရူး၊ အသိဉာဏ်ရူး၊ အချစ်ရူး၊ အနုပညာရူး၊ ... ရူး... ရူး၊ ... အစရှိသော အရူးပေါင်းများစွာအနက် ဘယ်အရူးသည် အယဉ်ကျေးဆုံး ဖြစ်ပါသနည်း... ဆိုသည့် မေးခွန်းကိုတော့ စာဖတ်သူကပဲ ကိုယ့်အပြစ်မဖြစ်အောင် ကြည့်ဖြေလိုက်စေချင်ပါသည်။

ကျွန်တော် (သို့) ဆွံ့အနားမကြားသူ အရူးတစ်ယောက်၏ ယနေ့



www.burmeseclassic.com

www.burmeseclassic.com



လူ့အဖွဲ့အစည်းအပေါ် ထားရှိသော စေတနာကို ဒီလောက်ဆို သင်တို့အားလုံး သဘောပေါက်ဖို့ ကောင်းပါပြီ။ အကယ်၍ တစ်စုံတစ်ယောက်ကများ နားလည်ရန် ခက်ခဲနေပါက ဒီဝတ္ထုကို ဖတ်မိခဲ့ခြင်းအတွက် လမ်းသွားရင်း မတော်တဆ ခလုတ်တိုက်မိတာပါသား . . . ဟူ၍ ကိုယ့်ကိုယ်ကို ဆင်ခြင်ပါလေ။

ကျွန်တော့်လို အရူးတစ်ယောက်ဆီမှာ တခြားလူတွေကို တောင်းပန်ရန် စကားလုံး များများစားစား မရှိကြောင်း သင်လည်း သိပြီးသားဖြစ်ပါလိမ့်မည်။

♛♛♛

(၈)

ဒီနေ့ မနက်ဖြန်၊ အရည်းကြီးသီချင်း၊ ပါပါရာဇီများနှင့် အတူလုပ်ထားသော ဂုဏ်ဒြပ်တွေကို ကျွန်တော်က အပြာရောင် တစ်မျိုးသုတ်လိမ်းပေးလိုက်ပါသည်။ ဒါသည် အရူးတစ်ယောက်အနေနှင့် ဉာဏ်မှီသမျှ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်လည်း ဖြစ်၏။ ကျွန်တော့်မှာ အခွင့်ရှိသလောက်တော့ လူတွေကို ည၏ နက်မှောင်ခြင်းထဲမှ မျက်မမြင်တစ်ဦးရဲ့ အတွေ့အကြုံအား ပြောပြရပါလိမ့်မည်။ (အရူးတစ်ယောက်၏ ပြောပြချက်များမှ အစီအစဉ်ကျကျနန ရှိမနေမဲ့တာကိုတော့ ထုံးစံအတိုင်း 'ဆောရီး'ပါ။)

ထိုအခိုက် အရူးလှမ်းမြင်လိုက်ရသည်မှာ ကစားမက်သော ကလေးငယ်တစ်ယောက်က ပါးစပ်သေနတ်ဖြင့် တဒိုင်းဒိုင်း ဒေါ်မြည်



www.burmeseclassic.com

www.burmeseclassic.com



ကာ စစ်တိုက်တမ်း ကစားနေပုံ ဖြစ်၏။ အရာရာ၏ အဆုံးသတ်သည် ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိ အလှတရားထံ၌ လူတွေ သာယာနေမိခြင်းမှာ သဘာဝကျလေသည်။ တကယ်တော့ အရှုံးတစ်ယောက်လောက် ဘယ်သူမှ သရုပ်မမှန်နိုင်သည့်အတွက် ကျွန်တော်တို့တွင် နှစ်သိမ့်ကျေနပ်စရာ တစ်မျိုးတိုးလာခဲ့သည်။ ဖြစ်နိုင်ချေတွေက များလွန်းနေပြန်၏။

မြေကြီးက မြေကြီးရဲ့အလုပ်ကို လုပ်ပြီး သစ်ပင်က သစ်ပင်ရဲ့ အလုပ်ကို လုပ်နေသောကြောင့် အရှုံးကလည်း အရှုံးအလုပ်ကို ယခုကဲ့သို့ ဟိုရေး၊ ဒီရေးနဲ့ လျှောက်ရေးခြင်းအားဖြင့် လုပ်ဆောင်လိုက်ရပါသည်။ အကုန်လုံးမှန်သည်ဟူ၍ ယုံကြည်စရာ မဟုတ်ပါ။ ယုံကြည်လိုက်ပြီဆိုရင်လည်း၊ ကိုယ့်ဂါဒ်စွန့် ကိုယ်သာ ဖြစ်ပါသည်။

♛♛♛

## (ဃ)

ပျံလွှားငှက်တစ်ကောင်တည်းနှင့် နွေဦးမပေါက်နိုင်မှန်း ကျွန်တော် သိပါသည်။ သို့သော်... နွေဦးကို ချစ်သောစိတ်ဖြင့် သင့်ရှေ့မှောက်ရှိ ကျွန်တော်သည် လွတ်လပ်စွာ ပျံသန်းသွားလေပြီ။ နွေဦးကို ပျပျမြင်ရဖို့ သင်တို့အားလုံးလည်း အဝေးဆုံးဆီ တောင်ပံခတ်နိုင်တဲ့ ပျံလွှားငှက်တွေ ဖြစ်ပါစေ။

♛♛♛

## (င)

ဝေမျှူးသွင် ။ ။

Middle Line ဂျာနယ်

ဒီဇင်ဘာ၊ ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

ပူကြိုးတြာ စံဦး၏

ဖါလူဒါဒွာရသာ

www.burmeseclassic.com

www.burmeseclassic.com



(A)။ ။ ထိုနေ့က မိုးကောင်းကင်တစ်ခုလုံးမှာ စိတ်ငြိမ် ဆေး သောက်ထားသော လူနာတစ်ယောက်လို ထုံထိုင်းမှိုင်းမှုန်နေသည်။ ကျောက်+တုံးကြီးတစ်တုံးနှင့် ပို၍တူသော မည်းညစ်ညစ်၊ မိုးသားတိမ်တိုက် တစ်ခုက တအိအိနှင့် ပေါလောမျောပါနေ၏။ ထိုတိမ်တိုက် အစိုင်အခဲသည် မြို့ကလေး၏ ခေါင်မိုးများပေါ်မှ တအိအိနှင့် ပေါလောမျောလိမ့်ကာ ဖြတ်ကျော်ရန် ကြိုးစား နေလေသည်။ ကောင်းကင်မှာ သတ္တုသား တစ်ချပ်ဟု ထင်ရလောက် အောင်ကိုပင် အရောင်းအဆင်း ကင်းလျက် ငြိမ်သက်နေ၏။ စက္ကန့်များသည် တစ်စုံတစ်ရာကို ကိုက်ခဲ ဝါးမျိုစေရန် အတွက် ခြကောင်များပမာ တရွေ့ရွေ့ ထွက်ကျလာနေကြသည်။ ထိုခြ ကောင်များသည် ဓာတ်တိုင်အောက်တွင် လဲပြိုနေသော အမှုးသမား ဖိုကြီးကို ရှာဖွေတွေ့ရှိသွားကြလိမ့်မည် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(B)။ ။ အရှုးတစ်ယောက်သည် ကိုယ်ဖော့ပညာကို အခ
ပြကာ အဝေးသို့ ပြေးထွက်သွား၏။ ကျွန်တော့်ဘေးနားမှာ လဲလျော
နေသော ချစ်သူက အရှုး၏ အံ့မခန်း ထွက်ပြေးသွားပုံကို အားကျ
သည်။ ကိုယ့်ဘဝနှင့် ကိုယ်ရှိသော်လည်း ကျွန်တော်က ဝှန်လင်
လောက်တော့ ကျော်ကြား အောင်မြင်ချင်မိပါသည်။ ဒါဆို လီဗာပူးမှ
သွားပြီး သီချင်းဆိုပေါ့ဟု တစ်စုံတစ်ယောက်က ကျွန်တော့်ကို အကြ
ပေး၏။ လေထဲ၌ အဝေးပြေး ကုန်တင်ကားတစ်စီး၏ အင်ဂျင်ချသံ
လွင့်ပျံ၍ လာလေသည်။

(C)။ ။ ကျွန်တော်ငယ်ငယ်က ကိုယ်လက်အင်္ဂါအစုံပ
တယ်လို့ သိခဲ့ရဖူးပါတယ်။ သူမနဲ့ တွေ့လာတဲ့အခါ နံရိုးတစ်ချော
လိုနေတယ်လို့ ထင်ယောင်မှားတယ်။ သူမကို ပိုင်ဆိုင်စဉ်မှာ ကိုယ့်ကိုယ
ကို ပြည့်စုံပြီလို့ ဘဝင်မြင့်တယ်။ တကယ့်တကယ်တမ်း သူမမရှိတော
ချိန်မှာ ကျွန်တော်ဟာ ဒုက္ခိတလို့ အမည်ရတယ်။

(D)။ ။ ခွေးတို့၏ လောကကြီးတွင် တစ်နှစ်တစ်ကြိ
အရျစ်နလန်ထသည်မှာ ခွေတာပင် ဖြစ်၏။ တော်သလင်းလကျမှဖြ
ခွေးအပေါင်းတို့ကို ရာဂနတ်မင်းကြီးသည် ဖမ်းစားလေတော့သတည်
အာမိတ်၊ လေွဖောနှင့် ခွေးနက်ကြီးတို့မှာ သိကြားမင်း၏ သားသမီးမျ
မဟုတ်ကြသောကြောင့် သူတို့လည်း ရာဂနတ်မင်းကြီး၏ ဖမ်းစားခြင်းက
ခံကြရရှာလေသည်။ ရာဂနတ်မင်းကြီး၏ လက်ဦးအံ့ဆုံး ဖမ်းစားခြင်း
ခံရသူကား လေွဖောနှင့် ခွေးနက်ကြီးတို့ ဖြစ်ကြသည်။ လေွဖောန
ခွေးနက်ကြီးတို့မှာ နဂိုကပင် တစ်ကောင်နှင့် တစ်ကောင် ရန်ငြိုးရသ



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ရာဂနတ်မင်းကြီးက ဖမ်းစားလိုက်ပြန်သောအခါ အထူးပင် မူးမူး ရူးရူး ဖြစ်၍သွားကြလေ၏။ လွှဗော်နှင့် ကြာသမား ခွေးနက်ကြီးတို့မှာ သွားလည်း အတူတူ၊ နေပူမကျွာ လွှန်စွာပင် ပျော်နေကြကုန်၏။ စားရမှန်း လည်း မသိ၊ သောက်ရမှန်းလည်း မသိ၊ တစ်ကောင်ကို တစ်ကောင် ပလူးနေရ၊ နူးနေရလျှင် ကျေနပ်ကြလေပြီ။ လွှဗောကလည်း အမူပါ၊ ကြာသမား ခွေးနက်ကြီးကလည်း အနူးကောင်း၊ သူတို့ နှစ်ကောင်မှာ အပျော်ကြီး ပျော်နေကြကုန်၏။ မိုးမမြင်၊ လေမမြင်။

(E)။ ။ (ပေါင်မုန့်အုန်းနို့ဆမ်း) သူငယ်ချင်းတို့ကို ကျွန် တော်က အစားအသောက် တစ်ခုခုအကြောင်း ပြောပြလိမ့်မည်ဟု မထင် ကြပါနှင့်။ သူငယ်ချင်းတို့ကို မြို့ငယ်လေး တစ်မြို့နှင့် အလွန် သင်းပျံ့ မွှေးကြိုင်သော ကွတ္တိယပါးပြင်ကလေး တစ်ခုတို့အကြောင်းကိုသာ ပြောပြ ချင်ပါသည်။

(F)။ ။ ဝတ္ထုတိုတစ်ပုဒ်ရဲ့ အဖွင့်ကို ဘယ်လိုရေးရမလဲ ဆိုသည့်မေးခွန်းများအား ကျွန်တော်က ရယ်မောပစ်လိုက်၏။ စကားလုံး အနုပညာဆိုသော ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့အားလုံးသည် ကိုယ့်အကြောင်းကိုယ် လိပ်ပြာသန့်စွာ ပြောနိုင်ဖို့သာ လိုအပ်ပါသည်။ သင်သည်လည်းကောင်း၊ ကျွန်တော်သည်လည်းကောင်း၊ ရှိရှိသမျှ စာရေး ဆရာ၊ ကဗျာဆရာများသည်လည်းကောင်း၊... မားမရေကျွမ်းကျင်သည့် အရှုံးများ၏ အရပ်၌ နေ့စဉ် အသက်ရှူ လေ့ကျင့်ခန်း လုပ်နေကြရ၏။ ဒါသည်ကပင် မော်ဒန်ဝတ္ထုတိုတစ်ပုဒ်၏ နောက်ဆုံးအကြောင်းလည်း ဖြစ်နေနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(G)။ ။ ကာလတရား၏ ရက်စက်ယုတ်မာစွာ ပြောင်းလဲနေမှုအတွင်း တွေးခေါ်မျှော်မြင်နည်းသစ်များ၊ ရှုမြင်သုံးသပ်ရန် ဖြစ်သော အမြင်ဆိုင်ရာ ရှုထောင့်များနှင့်အတူ နေဝင်နေထွက်ချိန်များ ပြောင်းလဲခဲ့ခြင်းကိုပါ လက်ခံလာကြရန်အတွက် သင်ပုန်းကြီးတစ်အုပ် ရေးသားပေးပါမည့်အကြောင်း ဒသနိကမှ ဆရာကြီး၊ ဆရာကလေး၊ ဆရာမကြီး၊ ဆရာမကလေးများအား ကျွန်တော် တောင်းပန်ပါရစေ။ ကျွန်တော့်တွင်ရှိနေသော အစောတ်အတန် တုံးစပြုနေသည့် 'အုပ်ကမ်း' ၏ သင်တုန်းဓားတစ်ချောင်းကိုလည်း စေတနာနှစ်တန် တစ်မတ်သား ပြဌာန်း၍ လှူပါရစေ။ ဆင်ခြင်တုံတရား၊ ဂန္ထဝင်မြောက်ခြင်း၊ မော်ဒန်လွန် ကာလစသည်များကို လူသူလေးပါး နားလည်လောက်သော အသုံးအနှုန်းများဖြင့် ရှင်းပြစေလိုပါသည်။

(H)။ ။ အဲဒီအချိန်ရောက်လာတာနဲ့ ကျွန်တော့်လက်ချောင်းတွေက သူ့အလိုလို လှုပ်ရှားလာကြတော့တယ်။ ပထမတော့ အနားမှာရှိတဲ့ စားပွဲတွေ၊ ဒါမှမဟုတ် နံရံတွေကို ကုတ်ခြစ်နေတတ်တယ်။ ဒါပေမယ့် မကြာခင်မှာပဲ ကျွန်တော့်ခန္ဓာကိုယ်ကို ကုတ်ခြစ်ပြီး သူတို့အတွက် ဖြေဆေးကို တောင်းဆိုလာကြတော့တယ်။ ဒါ.. အဆိပ်သင့်နေတဲ့ ကျွန်တော့်ရဲ့ လက်ချောင်းတွေပေါ့။

(I)။ ။ ဟီတာချီကုမ္ပဏီက ကျွန်တော်မှာယူထားသော စိတ်ပြောင်းစက် ရောက်လာပြီ။ ကျွန်တော် အလွန်ပျော်နေပါသည်။ မိတ်ဆွေ၊ သူငယ်ချင်းများ စုဝေးဖိတ်ကြားပြီး စက်အစွမ်းပြပွဲကို ကျွန်တော့်အိမ်မှာ ကျင်းပမည်။ နေ့ရောညပါ ပြင်ဆင်နေရ၏။ ခလုတ်နှိပ်ပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com



နီးလာလေလေ ကျွန်တော် အလုပ်များလေလေ ဖြစ်တော့၏။ ထိုရက်မတိုင်မီ တစ်ညှ၊ ဟီတာချီကုမ္ပဏီက စက်နှင့်အတူ ပေးပို့လိုက်သော အညွှန်း၊ လက်စွဲစာအုပ်ကို ကျွန်တော် ဖတ်ကြည့်မိသည်။ စက်၏ယန္တရားအစိတ်အပိုင်းများ လှုပ်ရှားပုံ၊ စက်ဖွင့်ပုံ၊ ပိတ်ပုံ၊ ပြောင်းလဲပေးနိုင်သော စိတ်အမျိုးအစားများ၊ ခလုတ်အမျိုးအစားအရေအတွက်. . . စုံနေအောင်ပါ၏။ ဂျပန်များ အလွန်သေချာသည်။ သို့သော် တစ်ခုကျန်နေပါသည်။ အညွှန်းလက်စွဲစာအုပ်တွင် ချွတ်ယွင်းချက်အဖြစ် စာတစ်ကြောင်း ရေးထား၏။ "ဤစက်တွင် မသိနားမလည်သူကို သိနားလည်လာအောင် လုပ်ပေးနိုင်သော ခလုတ်မပါရှိပါ"။ တစ်မျိုးပါပဲလား။

(J)။ ။ ဟော. . .မိတ်ဆွေရဲ့ နဖူးကြောကြီး ဖွန့်ခေါက်နေပြီ။ ဘာလဲ၊ ကျွန်တော့်လိုနည်းပညာကို အခြေခံထားတဲ့ ဝတ္ထုကိုမျိုး၊ ခင်ဗျား မတွေ့ဖူးဘူး (အဲ. . . ) မဖတ်ဖူးဘူး ထင်ပါရဲ့။ ကဲ. . . ခင်ဗျားက ပြောလေ ကဲလေပါလား။ အဲဒီလောက်ကြီး မျက်မှောင်ကုတ်ထားတော့ မျက်ခုံးတွေ ညောင်းနေမှာပေ့။ ကျွန်တော် ပြောလိုက်တဲ့စကားက အမှန်တရားမို့ နည်းနည်းလေး ခါးမယ်။ ခင်ဗျားဖတ်ရတာ စိတ်မရှည်တော့ဘူး ထင်ပါရဲ့။ အဲဒါ ဘာဖြစ်လို့လဲ. . .သိသလား။ ဒီစာပိုဒ်ရဲ့ ခေါင်းစီးနံပါတ်က ခင်ဗျားရဲ့ ကိုယ်ခန္ဓာထဲကို ဝင်သွားလို့ဗျ။ နားရှုပ်သွားမလား။ ကျွန်တော် ဆိုလိုတဲ့ အဓိပ္ပာယ်က ခင်ဗျားမှာ J (ဂျေ) ဝင်နေတယ်လို့ ပြောတာ။ J ဆိုတာက (Jealous) မနာလိုဖြစ်ခြင်းတဲ့။ အဲဒါ လုံးဝမမိုက်ဘူးနော်။ ကိုယ်မလုပ်တတ်တဲ့ အလုပ်ကို သူများက လုပ်ပြနေရင် J (ဂျေ) မဝင်ရဘူး။ သူများဘယ်လိုရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို လေ့လာရတယ်။ နောက် ကိုယ့်ဘာသာကိုယ် လေ့ကျင့်ရတယ်။ ခင်ဗျားလည်း လူပဲဗျာ . . . သူများဖြစ်ရင် ဖြစ်ရမှာပေါ့။ လုပ်တတ်ရင် မုန့်ဖုတ် ဖြစ်တယ်။ ရေးတတ်ရင် ဝတ္ထု ဖြစ်ပါတယ်။

ဒီဝတ္ထု၏ အရင်းအမြစ်များ

(A) နေမျိုး (မြင်ကွင်းကျယ်အချစ်ဝတ္ထု)

(B) ဝေမှူးသွင်

(C) စိုင်းစိုင်းခမ်းလှိုင် (ကျွန်တော့်စိတ်နဲ့ သူ့ရဲ့နံရိုး)

(D) သိပ္ပံမောင်ဝ (အနိစ္စ)

(E) ကြူးနှစ် (ပေါင်မုန့်အုန်းနို့ဆမ်း)

(F) ဝေမှူးသွင်

(G) မြင့်သန်း (. . . အစရှိသည်များနှင့် လွင့်ပြယ်စ အစိတ်အပိုင်းတို့၏ အကြောင်းအရာများ)

(H) မြင့်မိုးအောင် (အဆိပ်သင့်လက်ချောင်းများ)

(I) ဇော်ဇော်အောင် (စက်ခလုတ်ဇော်ဇော်အောင်)

(J) ဝေမှူးသွင်

ချယ်ရီမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

လမင်းရဲ့ စက်မှုထမင်းပွဲ

www.burmeseclassic.com

www.burmeseclassic.com



(-၃၀)

၁။ ရင်ဘတ်ထဲက ဝါကျတွေ နှုတ်ကထွက်လာတော့ ကျွန်တော့်ကို သူများတွေက ပြောကြတယ်။ 'အချစ်ရူး' တဲ့။

၂။ ပန်းရောင်တောအုပ်ကြီးကို ကျွန်တော် ခြေလျင်ဖြတ်လျှောက်မိတဲ့နေ့ ရုပ်ချောချော လူငယ်တစ်ယောက်ဟာ ကျွန်တော့်အိပ်မက်ထဲကို ညာတာပါတေးနဲ့ ဝင်ပါခဲ့ဖူးတယ်။

၃။ 'မာလာမေ' ရဲ့ကဗျာတွေကို ကျွန်တော် အလွတ်ကျက်ချိန်က အဖေ့ကြိမ်လုံးတွေနဲ့ ကျွန်တော့်တင်ပါးဟာ ရင်းရင်းနီးနီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



(-၂၉)

၁။ ခွေးသွားစိပ်ဘီးတွေ မကြာခင် နေရာပျောက်တော့မည်။ လူ့ဘဝကို ကိုယ်တိုင် ခမ်းခမ်းနားနား မပြောဆိုနိုင်ခဲ့ရင် သူများပြောတာကို လေးလေးစားစား နားထောင်ဖပေးသင့်သည်။

၂။ ဒီနေ့တော့ ကျွန်တော် အနုပညာလက်ချောင်းတွေ မာကြောလာခဲ့ပါတယ်။ ပန်းချီဆွဲခြင်း၊ ဆင်ဖိုနီရှာခြင်း၊ ကဗျာရေးခြင်း ဆိုတဲ့ အနုပညာကိစ္စတွေ တစ်ခုမှ မဖန်တီးလိုက်ရလို့. . . ။

(-၂၈)

၁။ မြင်းကြားဆိုတာ အဖြူပေါ်ကို အမည်းစင်းတွေ ဆွဲသားတာလား? အမည်းပေါ်ကို အဖြူစင်းတွေ ဆွဲသားတာလား? ကျွန်တော် တိတိကျကျ သိလိုက်ပါပြီ။

(-၂၇)

ဘာမှမရေးဘူး။

(-၂၆)

၁။ အနာဂတ်မရှိတဲ့ ရုပ်ဝတ္ထုတွေဟာ အနာဂတ်ရှိတဲ့လူတွေထက် ပိုပြီး ကြီးကျယ်လာပါပြီ။ ကမ္ဘာကြီးဟာ ဘေးတိုက်မလည်ဘဲ အထက်အောက်လည်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



၂။ 'အမှားပြင်ဆင်ခြင်း' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အကြာကြီးနေရင် အဲဒီလူဟာ ရှိးသားရာ မရောက်တော့ဘဲ လူလည်ကျသလို ဖြစ်သွားပါလိမ့်မယ်။

၃။ သေမင်းဟာ သူ့တာလီတွေ အခိုးခံရတိုင်း ပြုံးနေတတ်ပါတယ်။

(-၂၅)

၁။ အနုပညာကို ပုံစံခွက်ထဲ သွတ်သွင်းပြီး ဖန်တီးတာဟာ အလွန်အပြစ်ကြီးပါတယ်။ ဒါပေမယ့် အဲဒီပြစ်မှုအတွက် ဥပဒေ မရှိပါဘူး။

၂။ ရေစိမ်ထားတဲ့ ကျွန်တော့်အလွမ်းတွေကို နည်းနည်းလောက် မြည်းကြည့်ပါ။ ပြီးရင် အရသာ ပြန်ပြောပြပါ။

(-၂၄)

၁။ အယ်ဒီတာတစ်ယောက်ရဲ့ စားပွဲမှာ ထိုင်ပြီး ကဗျာဆရာစစ်စစ်တွေကို စာမူခဒေါ်လာသန်းချီပြီး ထုတ်ပေးချင်ပါတယ်။

၂။ ကျွန်တော် အမြဲ သတိထားတဲ့အချက်တစ်ခု ရှိပါတယ်။ အဲဒါက ပြောင်းလဲရင် ပြောင်းလဲမယ်။ ဒါပေမယ့် မဖောက်ပြန်မိဖို့ ဆိုတာပါပဲ။

(-၂၃)

၁။ နက္ခတ်တာရာတွေ အိုမင်းပြီး သစ်ပင်တွေ အသွားစားကြတော့ လူတွေဟာ လေထဲမှာ ပျံဝဲရင်း သူတို့ရဲ့ ရာဇဝင်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



စီဂျင်အဖြစ် ကြဲချသွားပါတယ်။

၂။ သိပ္ပံခေတ်ကြီးမှာ အနုပညာများကို ကွန်ပျူတာနဲ့ ဖန်တီးလာကြ မယ်။ ထိုအခါ အနုပညာဟာ အတတ်ပညာဆန်လာပါလိမ့်မယ်

(-၂၂)

၁။ ချားလ်စ်ဒါဝင်ဟာ မျောက်မတစ်ကောင်နဲ့ လက်ထပ်ဖို့ ငြင်းဆ ခဲ့ပါတယ်။ အဲဒီနောက်မှာ သူဟာ အရမ်းကျော်ကြားလာပါတယ်

၂။ မီးပွိုင့် ခဏခဏ မိတာကို သဘောကျတဲ့ ကားဒရိုင်ဘာတစ် ယောက် ရှိပါတယ်။ အဲဒီလူဟာ ကျွန်တော်ပါပဲ။

၃။ အခွင့်အရေးဆိုတာ၊ သူခိုးလိုပဲ။ ဘယ်သူမှ မသိအောင် တိတ် တိတ်လေး လာပြီး ဘယ်သူမှ မသိအောင် တိတ်တိတ်လေး ပြန်ထွက်သွားတာမျိုးပါ။ အဲဒီနှစ်ချိန်အနက် လာတဲ့အချိန်ကိုတော့ ခင်ဗျားသိဖို့ လိုတယ်လေ။

(-၂၃)

၁။ လူတွေနဲ့ နတ်တွေ စစ်ပွဲဖြစ်ရင် လူတွေရဲ့ နည်းမျိုးစုံသော ဗျူဟာတွေကြောင့် နတ်တွေ စစ်ရှုံးရပါလိမ့်မယ်။

၂။ အိပ်မက်ဆန်သော အန္တေးထည်တွေဟာ သူတို့အတွအ လောင်စာတွေကို ဖျက်ဆီးပစ်ကြပါလိမ့်မယ်။ ဒါမှမဟုတ် သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူတို့ အငွေ့အဖြစ် ပြောင်းလဲသွားကြလိမ့်မည်။

(–၂၀)

၁။ ဘဝဆိုတဲ့ စကားလုံးကို ရေးပြီးရင် ခဲဖျက်နဲ့ ပြန်ပြင်လို့ မရတော့ပါဘူး။ ဒါဟာ သိက္ခာတရားရဲ့ သစ္စာပါ။

၂။ မိတ်ဆွေ . . . ခင်ဗျားရဲ့မျက်မှန်မှာ လျှပ်စီးလက်နေတယ်။

၃။ ဂီတသစ်မှာ ထမင်းငတ်နေတဲ့ တေးရေးဆရာတွေ ရှိနေဦးမှာပါ။ သူတို့ဟာ ပေါင်မုန့်စားတဲ့လူတွေ ဖြစ်ကြပါလိမ့်မယ်။

(–၁၉)

၁။ ကျွန်တော့်ကို ခေါင်းစဉ်တစ်ခုအောက်မှာ မဖြစ်မနေ နေသိုင်ပါဆိုရင် ကျွန်တော်ဟာ ‘လွတ်လပ်မှု’ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နေထိုင်ရပါလိမ့်မယ်။

၂။ ကျွန်တော် မျက်နှာသစ်တိုင်း လူစည်ကားနေတဲ့ သချိုင်းကြီးကို မြင်ယောင်မိပါတယ်။

၃။ ရေဘုံပိုင်တွေ ရေမလာပါ။ ခဲတံက နည်းနည်းတုံးနေသည်။ ဂျင်းဘောင်းဘီကိုတော့ မီးပူတိုက်ပြီးပြီ။ ထိုအခါ . . .

(–၁၈)

၁။ ကျွန်တော် ဒီနေ့ ဒေါ်လာငွေတွေကို ဆုတ်ဖြဲပစ်လိုက်ပါတယ်။ သူရဲ့တန်ဖိုးကို မယုံကြည်လို့ မဟုတ်ပါဘူး။ ကျွန်တော့်အသိဉာဏ်ရဲ့ စာရိတ္တကို ဖျောင်းဖျလိုက်တာပါ။

ဘိုဖြစ်ကဗျာသစ်

www.burmeseclassic.com

www.burmeseclassic.com



၂။ ယောက်ျားများ လွတ်လပ်ပျော်ရွှင်ချိန် ရောက်ပြီ၊ ခင်ဗျားတို့အ ရှိဘော့စက်ရုပ်တွေက မိန်းမယူပေးကြလိမ့်မယ်။ (ကဗျာဆ များ ခြွင်းချက်ဖြစ်သည်။)

၃။ ကျွန်တော့်တွင် မျက်လုံးနှစ်လုံး ရှိသည့်အနက် တစ်လုံးသ နှစ်ဖက်ကြည့်တတ်သောမျက်လုံး ဖြစ်ပါစေ။ အရာခပ်သိမ်း ကျွန်တော်မေတ္တာထားနိုင်ပါလိမ့်မယ်။

၄။ တစ်၊ နှစ်၊ . . . ကိုး၊ တစ်ဆယ်။ ဩော်– သူတို့တော လောကကို ပြက်ရယ်ပြုနေကြပြန်ပေါ့။

၅။ ထပ်တလဲလဲ ငါကြေကွဲခဲ့ရတယ်။ အခုထိလည်း ကြေကွဲ မဆုံးနိုင်သေးဘူး။ အနုပညာမပါတဲ့ ငါ့ညှို့ဖျင်းမှုတွေကို ငါအသ မချတတ်သေးဘူး။ ဟုတ်တယ်။ အဲဒီအတွက် ငါကြေကွဲတ မှန်တယ်။

၆။ ကျွန်တော် လုပ်တတ်တဲ့ တစ်ခုတည်းသော ပြုံးပြခြင်း အလု ကို ယနေ့မှစပြီး မလုပ်တော့ပါ။ အဲဒီနောက်မှာ အားလုံး အလုပ်မရှိ အကိုင်မရှိကောင်လို့ ကျွန်တော့်ကို ဝိုင်းပြောကြတယ် ထို့ကြောင့် ကျွန်တော်က အားလုံးကို ပြုံးပြလိုက်မိပြန်တယ်။

၇။ အနီရောင် ကြက်ခြေခတ်ပုံက ကြက်ခြေနီအသင်းရဲ့သင်္ကေ သံကွင်းငါးကွင်းကို ဆက်ထားသော ပုံက အိုလံပစ်အားကစ ရဲ့ သင်္ကေတ . . .။ ကျွန်တော့်တွင်ရော ထိုကဲ့သို့ ကိုယ်ပိုင် သင်္ကေတ ရှိနေပြီလား။ သေချာလေ့လာရပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



(-၁၇)

၁။ မိမိကိုယ်ကို မိမိ အပြန်ပြန်၊ အလှန်လှန် ထပ်ခါတလဲလဲ စစ်ဆေးပါ။ အပြစ်တွေ့လျှင် ပြုပြင်ပါ။ အကျိုးတွေ့လျှင် ခံစားပါ။ ဒါပေမယ့် ကိုယ့်ဘာသာကိုယ် ကြိုးပြန်ချည်သလိုတော့ မဖြစ်စေနဲ့ပေါ့။

(-၁၆)

၁။ လောဘတီရုပ်ထုကြီး အသက်ဝင်လာပြီး နယူးယောက်မြို့ဟာ အန္တရာယ်ပေးခြင်းကို ခံရနိုင်ပါတယ်။

၂။ အရင်းအနှီးတွေထဲမှာ တန်ဖိုးအကြီးဆုံးဖြစ်တဲ့ ယုံကြည်ချက် အရင်းအနှီးဟာ ခပ်နည်းနည်းပဲ ကျန်ပါတော့တယ်။ မိတ်ဆွေတို့ ထပ်ဖြည့်ပေးနိုင်မလား?

၃။ သမိုင်းမရှိတဲ့ လူစားမျိုးဟာ အလွန် ရက်စရာကောင်းပါတယ်။ ဒါကြောင့် ကိုယ့်သမိုင်းကို ကိုယ်ဆိုးဆိုး ကောင်းကောင်းနိုင်နိုင် ခံ့ခံ့သာ ရေးပါ။

၄။ ရက္ခစိုးတစ်ပါးဟာ ကျွန်တော့်ချစ်သူကို ခိုးယူသွားခဲ့ပါတယ်။ ဘယ်တရားရုံးမှာ ဘာအမှုနဲ့ ကျွန်တော် တရားစွဲရပါ့မလဲ။

(-၁၅)

၁။ ကြမ္မာစစ်ပွဲမှာ ရှုံးနိမ့်သွားတဲ့ ကောင်လေးတစ်ယောက် မှိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သူဟာ ဘဝကစားပွဲတုန်းကလည်း အချိန်မီ ရောက်မလာနိုင်လို့ မကစားရဘဲ အရှုံးပေးခဲ့ရတာပါ။

၂။ ကဗျာတစ်ပုဒ်သာ ပန်းတစ်ပွင့် ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော်ဟာ ဥယျာဉ်မှူးကောင်းတစ်ယောက် ဖြစ်ပါလိမ့်မယ်။

၃။ ထမင်းဆာတယ်။ ရေမသောက်ချင်ဘူး။ လေယာဉ်ပျံစီးချင်တယ်။ ဒါနဲ့ပဲ ပါးစပ်က သီချင်းတစ်ပုဒ်ကို သီဆိုမိသွားပါရော။

၄။ ကွန်ပျူတာနဲ့ ဆွဲထားတဲ့ ပန်းချီကားမှာ ပန်းချီဆရာတစ်ယောက်ရဲ့ပုံတူဟာ မပီပြင်ရှာပါဘူး။

(–၁၄)

၁။ အနာဂတ်မှာ လူတွေဟာ မီးခိုးတိတ်စက်ရုံတွေပေါ်မှာ အခြေချနေထိုင်ပါလိမ့်မယ်။ ဒါပေမယ့် သူတို့ဟာ ပီကေနဲ့ ချောကလက်ကိုတော့ စားသုံးနေကြဦးမှာပါ။

၂။ မနေ့က ပန်းသီးနှစ်လုံးကို သတ္တဝါတစ်ကောင်က ကိုက်စားသွားပါတယ်။ ဒီနေ့ ကျွန်တော်ဝတ္ထုတစ်ပုဒ် ရေးပါတယ်။ သိပ်တော့ မဆိုင်ပါဘူး။

၃။ ခင်ဗျားတို့ တခြားနေရာတွေမှာ ညှော်ချင် ညှော်ကြပါ။ ဒါပေမယ့် ပကာတိတန်ဖိုးကို ရှာတဲ့နေရာမှာတော့ ခင်ဗျားတို့ကို တော်စေချင်တယ်။

၄။ ပြီးတော့ ပြီးခဲ့ပါပြီလေ။ ရှေးက သူရဲကောင်းတွေ သတ္တိအာနိသင် ပြောင်မြောက်ကြတယ်ဆိုတာ . . .။

www.burmeseclassic.com



၅။ ကြွက်သေတစ်ကောင်ကို ဗိုင်အရက်နဲ့ မြည်းဖို့ တောင်တန်းတွေကို ကျွန်တော် အရည်ဖျော်ပစ်ခဲ့ပါတယ်။

(–၁၃)

၁။ တစ်ပတ်မှာ ရှစ်ရက်ဖြစ်လာလိမ့်မယ်ဆိုတဲ့ ရှေ့ဖြစ်ဟောကို သဘောတူပါတယ်။ ဒါပေမယ့် ပိုလာတဲ့တစ်ရက်ကို အားလပ်ရက် မဖြစ်စေချင်ဘူး။

၂။ ပန်းခူးတဲ့လက်တွေမှာ ကဗျာတွေ ရေးထားစရာ မလိုပါဘူး။ ကတ်ကြေးထက်ထက် တစ်လက်ကိုတော့ ကိုင်ထားဖို့ လိုပါတယ်။

(–၁၂)

၁။ အပျိုစင်တွေ ကလေးမွေးတဲ့ ပုံပြင်ဟာ လူသားတွေအတွက် ရှိုးသွားပါလိမ့်မယ်။

၂။ ကမ္ဘာမြေမှာ ကြိုက်သူမတစ်ယောက်နဲ့ ကျွန်တော် တွဲကခဲ့ပါတယ်။ လိုက်ဖက်ညီမှုတော့ မရှိဘူးပေါ့။ ဟန်ချက်ညီအောင်တော့ ကျွန်တော် ကြိုးစားခဲ့ပါတယ်။

(–၁၁)

၁။ ရေခဲမုန့်ကို ယပ်တောင်ခတ်ပြီး စားတဲ့လူ။ ဒါပေမယ့် အရူးတော့ မဟုတ်ဘူး။ သူဟာ ငိုတယ်။ ပြီးတော့ ရယ်တယ်။ ပြီးတော့ ငိုတယ်။ ပြီးတော့ ရယ်တယ်။ ပြီးတော့ ...။ ပြီးတော့ ...။ ပြီးတော့ ...။

၂။ ကြေးခေတ်က အမျိုးသမီးတွေ အတွင်းခံဘောင်းဘီဝတ်ကြပြီ

www.burmeseclassic.com

www.burmeseclassic.com



လား။ သိတဲ့လူ ကျွန်တော့်နားကို ကပ်ပြီး တိုးတိုးတိတ်တိတ် ဖြေပေးပါ။

(–၁၀)

၁။ ကျွန်တော် အီဂျစ်ပြည်မှာရှိတဲ့ ပိရမစ်ကြီးထဲက မံမီရုပ်တွေ အသက်ဝင်လာမဲ့နေ့ကို သိပါပြီ။ ဒါကြောင့် အင်တာဗျူးလုပ်ဖို့ စောင့်နေတာပါ။

၂။ အချိန်ရှားပါးမှုပြဿနာကြောင့် လူတွေဟာ နာရီကို ဒီထက် အသေးစိတ်ကျအောင် ပြုပြင်ရလိမ့်ဦးမယ်။

(–၉)

၁။ ကုန်းမြေတစ်ဆက်တည်းဖြစ်တဲ့ အာရှနဲ့ဥရောပမှာ ယဉ်ကျေးမှု ကူးလူးဆက်ဆံမှုကြောင့် လူမျိုးသစ် သုံးရာနီးပါး ထပ်မံပေါ်လာကြလိမ့်မယ်။ ဒါဟာ ကျွန်တော့်ရဲ့ ထင်မြင်ချက်သက်သက်ပါ။

၂။ လိပ်ပြာဘဝကို စိတ်မဝင်စားဘဲ ပိုးတုံးလုံးဘဝကို စိတ်ဝင်စားသူကို လူတော်လို့ ခေါ်ပါတယ်။

၃။ ပေါ်လီယာနာဟာ နေ့တိုင်း လူသတ်နေလို့တဲ့ သူ့အကြောင်း ရေးထားတဲ့ စာအုပ်နားမှာ တစ်ခြားစာအုပ်တွေက မနေကြတော့ပါဘူး။

၄။ နေခြင်းနဲ့ သေခြင်းရဲ့ကြားထဲမှာ သတိလစ်ခြင်းဆိုတာ ရှိပါတယ်။ သူ့ဆီမှာတော့ အရမ်းကြာကြာနေလို့ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



(−၈)

၁။ မြေခွေးရယ်သံနဲ့ ပိုးဟတ်ငိုသံ ဘယ်ဟာ ပိုပြီး သာယာပါသလဲ? ဘယ်သူမှ ဖြေစရာ မလိုပါ။

၂။ ကျွန်တော် တိမ်တိုက်တွေကို စီးနင်းရင်း နတ်မြင်းပျံတစ်ကောင်နဲ့ အေသင်မြို့ပေါ်မှာ ဝင်တိုက်မိခဲ့ဖူးတယ်။ သိကြားမင်းအပြုံးတွေ လွှတ်ကျသွားတဲ့နေ့က . . . ။

၃။ ကမ္ဘာဦးမှာ တင်းပုတ်ကို တင်းပုတ်လို့ မခေါ်ပါဘူး။ ဘယ်လိုခေါ်သလဲဆိုတာကိုလည်း ကျွန်တော် မသိပါဘူး။ အထက်ပါ ဝါကျနှစ်ကြောင်းဟာ မှန်ကန်ချက်တွေဆိုတာတော့ သေချာပါတယ်။

(−၇)

၂။ ကျွန်တော် သိထားတဲ့ မေတ္တာတရားမှာ ဆံပင်ဖြူတာတို့၊ သွားကျိုးတာတို့၊ ခါးကုန်းတာတို့ မပါဝင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



(-၆)

၁။ လူ့ဝွစာဆိုတာ ခေတ်နဲ့ ပြေလည်အောင် မဆက်ဆံတတ်လို့ အခေါ်ခံရတဲ့နာမည်သာ ဖြစ်တယ်။

၂။ ရွေးအပီသဆုံး ကျွန်တော့်အနုပညာရွေးစက်တွေက မငန်ပါဘူး။ ချိုမြိန်ခြင်းနဲ့ ခါးသက်ခြင်း တစ်ခုခုတော့ တစ်ခုခုပဲ။

၃။ ကဗျာရေးလို့ မရတဲ့ ကောင်မလေးတစ်ယောက်ကို လမိုက်ည တစ်ညမှာ ကျွန်တော် ချစ်မိသွားခဲ့ဖူးတယ်။

၄။ သင် မှန်ကြည့်ပြီး ချောင်းဆိုးဖူးပါသလား။ ကျွန်တော်ကတော့ မှန်ကြည့်ပြီး ချောင်းဆိုးဖူးပါတယ်။ အဲဒီအခါ ဒုက္ခကို ဖြစ်သလို ရင်ဆိုင်နေရတဲ့ ကိုယ့်ကိုယ်ကို သေချာမြင်တွေ့ရပါတော့တယ်။

(-၅)

၂။ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ဘယ်လို အကြောင်းကြောင့်မှ လိုအပ်ခွင့် မရှိပါဘူး။ ဒီစကားကို ကျွန်တော် က ပြောပါတယ်။

(-၄)

၁။ ခင်ဗျားရဲ့စိတ်ဓာတ်တွေကို ဆပ်ပြာကောင်းကောင်းနဲ့ လျှော်ဖွပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။ ကျွန်တော် ဝတ်ဆင်ကြည့်ပါရစေ။

၂။ အနုပညာမရှိတဲ့ အနုပညာသမားလုပ်မဲ့အစား၊ ပလတ်စတစ်ကောက်တဲ့ သူတောင်းစားပဲ ကျွန်တော် လုပ်ပါတော့မယ်။

၃။ ဒီနေ့ ပေါင်မုန့်တစ်လုံးကို စိတ်တိုင်းကျ ကျွန်တော် မီးရှို့ပစ်ခဲ့ပါတယ်။ အဲဒီပေါင်မုန့်တွေဟာ ကမ္ဘာကျော် ရာဇဝတ်ကောင်တွေရဲ့ အသက်ကို မကြာခဏ ကယ်တင်ဖူးပါတယ်။ ဒါကြောင့်ပါ။

(-၃)

၁။ ကျွန်တော် သေတ္တာလွတ်ထဲကို ဘာမှ ထည့်မထားပါ။ ဒါကြောင့် သေတ္တာလွတ်ထဲက ဘာမှ ပြန်နှိုက်ထုတ်၍ မရပါ။ ထိုအခါ ကျွန်တော် ကျေနပ်လေသည်။

၂။ အရသာရဲ့ တန်ဖိုးထက် ရန့်ရဲ့တန်ဖိုးကို မြတ်နိုးသူတွေ များများလာပေမဲ့ အရသာဆိုတာ ပစ်ပယ်ထားလို့ ကောင်းတဲ့ အရာမဟုတ်ပါ။

(-၂)

၁။ ကျွန်တော်ဟာ မုန်တစ်ချပ်ရဲ့ ရှေ့မှောက်မှာ ပင်လယ်နဲ့ မီးတောင်ကို ပေးစားခဲ့ဖူးပါတယ်။

၂။ လွင်ပြင်တစ်ခုမှာ စိုက်ပျိုးထားတဲ့ ကျွန်တော့်အတ္တစိုက်ခင်းတွေအတွက် မိုးခေါင်နေခဲ့တယ်။ ချစ်သူက မိုးတုရွာအောင် လုပ်ဖို့ ပြောပေမယ့် ကျွန်တော်က ပြုံးစိစိပဲ လုပ်နေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(–၁)

၁။ တစ်ခါတစ်လေ အတုဆိုတာ အစစ်ထက်ပိုကောင်းနေတတ်လို့ အစစ်ထက်ပိုကောင်းတဲ့ အတုတွေကို ကျွန်တော်လိုချင်ပါတယ်။

(ဝ)

၁။ ကျွန်တော်ရဲ့ စတော်ဘယ်ရီ ခံစားမှုတွေကို ဒီဝါကျနဲ့ အဆုံးသတ်ခွင့်ပြုပါ။

♛ ♛ ♛ ♛ ♛



ကိုယ့်အကြောင်းကိုယ် အတ္ထုပ္ပတ္တိရေးရန်

၁၉၉၇-ခုနှစ် ဒိုင်ယာရီအား ပြန်ဖတ်မိခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အကြောင်းကိုယ် အတ္ထုပ္ပတ္တိရေးရန်
# ၁၉၉၇-ခုနှစ် ဒိုင်ယာရီအား ပြန်ဖတ်မိခြင်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကျွန်တော်ဟာ တေလေတစ်ယောက်လိုနေတယ်။ မိုးပြာရောင် ဂျင်းဘောင်းဘီတစ်ထည်ကို စုတ်ပြဲ အရောင်လွင့်သွားတဲ့အထိ ဝတ်တယ်။ ဆံပင်တွေကလည်း ပခုံးကို ကျော်တယ်။ အမြဲ ကဗျာရေးတယ်။ ထူးအိမ်သင်ရဲ့ 'နာရီပေါ်မှ မျက်ရည်စက်များ' ကို အသေကြိုက်တယ်။ (၁၉၈၇ ခုနှစ်က ထုတ်တဲ့အခွေကို ၁၉၉၇ ခုနှစ်မှ ကျွန်တော်က ကြိုက်တာ) ချိုသွယ်ဇင်ဆိုတဲ့ ကောင်မလေးကို ရူးမလောက်ချစ်တယ်။ အဲဒီ ၁၉၉၇ ဟာ ကျွန်တော့်ဘဝမှာ အကြီးအကျယ် ဆုံးရှုံးမှုတွေ သိပ်များလွန်းတဲ့ အချိန်ကာလ။

တစ်နှစ်လုံး အိပ်ရေးမဝဘူး။ ထမင်းကို မနက်စာနဲ့ ညစာ ပေါင်းစားရတဲ့အခါတွေက များတယ်။ ဇန်နဝါရီလကနေ ဧပြီလအထိ အိမ်စရာနေရာ သတ်သတ်မှတ်မှတ် မရှိဘူး။ စာအုပ်ကို ဆိုင်ရှေ့မှာ နာရီ

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ မတ်တတ်ရပ်ပြီး ဖတ်ရတယ်။ လက်ဖက်ရည်ဆိုင်မှာ အကြွေးစာရင်း အရှည်ကြီးရှိတယ်။ ဆောင်းရာသီမှာဝတ်ဖို့ အညိုရော ဆွယ်တာတစ်ထည် ရှိတယ်။ ဆောင်းရာသီမှာ ဝတ်ဖို့ ဆိုပေမယ့် မိုး တဲ့အခါမှာလည်း အဲဒီဆွယ်တာကိုပဲ ဝတ်ပါတယ်။ ရွှေပြည်စိုး ဆေး လိပ်တွေနဲ့ အင်းလျားကန်ဘောင်ပေါ်က နေဝင်ချိန်တွေဟာ ကျွန်တေ အတွက် ဇိမ်ခံပစ္စည်း ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အနုပညာဟာ ဘယ်အရာထက်မဆို မြင့်မြ တယ်လို့ ခံယူထားမိချိန်ပေါ့။ မာနကလည်း ကြီးမှ ကြီး။ တခြားလူတွေ မပြောနဲ့။ ကိုယ့်အပေါ် တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်လာတဲ့ မိဘ တွေ၊ ကိုယ့်စာမူကို မဂ္ဂဇင်းမှာ ပုံနှိပ်ဖော်ပြပေးမဲ့ အယ်ဒီတာတွေအပေ မှာတောင် မာနကြီးတာ။ အဲဒီ၁၉၉၇ မှာ ကျွန်တော့်အတွက် တစ်နှစ်လုံ ကံကောင်းတဲ့ အကြောင်းအရာတွေရှိခဲ့တယ်။ ကဗျာရေးဖို့ စကားလုံးတွေ ရတယ်။ ဒိုးလုံးဆိုပြီး နာမည်ကျော်လာမယ့် အဆိုတော်ရဲ့ သီချင်းတွေကို အခွေမထွက်ခင် နားထောင်ရတယ်။ ချိုသွယ်ဖင်ရဲ့ မျက်စောင်းလှလှ လေးတွေကိုလည်း မကြာမကြာ ရတတ်တယ်။ (ကျွန်တော်က သူမဆီ ရသော ဘာကိုမဆို ကံကောင်းခြင်း လက်ဆောင်လို့ ယုံကြည်ထားတ ပေါ့။) တစ်နှစ်လုံး ကံဆိုးတာတွေလည်း ရှိတယ်။ ဆိုပါတော့ . . . တစ်နှစ်လုံး ရည်းစားမရှိဘူး။ တစ်နှစ်လုံး ပိုက်ဆံ မရှိဘူး။ ကဗျာတွေသ ရေးနေတာ။ မဂ္ဂဇင်းတွေမှာတော့ ပါတာ မဟုတ်ဘူး။

ပြီးတော့ စာဖတ်ခြင်းနဲ့ ပတ်သက်ပြီး ရှူးကြောင်ကြောင် အ အခေါ်ကလည်း ရှိသေးတယ်။ ကျွန်တော်က စာရေးဆရာနာမည် အ

www.burmeseclassic.com

www.burmeseclassic.com



ကြီးရင် မဖတ်ဘူး။ နာမည်မရှိရင်လည်း မဖတ်ဘူး။ ကလောင်နာမည် လှရင် မဖတ်ဘူး။ နာမည်အရမ်းတုံးရင်လည်း မဖတ်ဘူး။ နာမည်နောက်မှာ ကွင်းစကွင်းပိတ် တစ်ခုခုပါရင် မဖတ်ဘူး။ အဲဒီလို ကောင်ပါ။ ကျွန်တော် ရေးထားတဲ့ ကဗျာတွေဟာ တစ်ချိန်ချိန် ကမ္ဘာကျော်မှာလို့ ကိုယ့်ကိုယ်ကို အမြဲ အားပေးတတ်သူလည်း ဖြစ်ပါတယ်။

အဲဒီတုန်းက ကျွန်တော့်ကဗျာတွေအားလုံးအတွက် မူပိုင်ခွင့်ကို ချစ်သူ့ယ်ဖင်ကို ပေးမယ်လို့ ရည်မှန်းထားမိတယ်။ သူမဟာ ကျွန်တော့်ကို ပြန်မချစ်ခဲ့တဲ့အတွက် သေချာပေါက် နောင်တရမှာပဲ။ ဒီလိုစဉ်းစားမိရင် စိတ်မကောင်းဘူး။ ဒါပေမယ့် ကျွန်တော်လည်း ဒီကိစ္စမှာ မတတ်နိုင်ဘူး။ အားလုံးက ကိုယ့်ဘဝနဲ့ကိုယ်ပဲ မဟုတ်လား။ လူဆိုတာ တစ်ယောက်နဲ့ တစ်ယောက် 'တန်ဖိုး' ဆိုတာကို နားလည်သဘောပေါက်ပုံချင်း မတူကြဘူး။ (Value) တန်ဖိုးနဲ့ (Price) ရောင်းဈေးကိုလည်း အတူတူပဲလို့ ထင်တတ်ကြတယ်။ အဲဒီအခါတွေဆို ကျွန်တော် အရမ်းရယ်ချင်တာပဲ။

ဘဝမှာ အနုပညာကို ဈေးကွက်ဝင်ဖို့ တစ်ခါမှ မစဉ်းစားမိဘူး။ ကိုယ့်ကိုယ်ကို ဈေးကွက်ဝင်ဖို့တော့ ကြိုးစားမိတယ်။ ဒါက အတ္တပါ။ ဒီအတ္တကို ခင်ဗျားတို့ကိုယ်ချင်းစာနိုင်မယ်ဆိုရင် ကျွန်တော့်ကို အပြစ်မပြောကြစေချင်ဘူး။

ကျွန်တော်ဟာ ၁၉၉၇ ခုနှစ်ရဲ့ မိုးတွင်းကာလတွေကို အရမ်းစွဲလန်းခဲ့ပါတယ်။ မောင်ချောနွယ်ရဲ့ 'ကြယ်ပြာလေးနဲ့ ထမင်းစားပြီးနောက်' ဆိုတဲ့ ကဗျာကို ပြဇာတ်နာမည်းစာအုပ်တစ်အုပ်လို ဖတ်ခဲ့ဖူးတယ်။ သစ္စာနီရဲ့ 'ပန်းပွင့်နဲ့လူ' ဝတ္ထုကို သမ္မာကျမ်းစာလို သဘောကျခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူဟာ ဘယ်တော့မှ အနုပညာနဲ့ ကင်းကွာလို့ မရဘူးဆိုတာ အသေအချာ သဘောပေါက်ခဲ့တဲ့ အချိန်ကာလတွေပဲ ဖြစ်ပါတယ်။

ဩဂုတ်လမှာ ကျွန်တော့်ကို ချိုသွယ်ဖင်က ကဗျာရှည်တစ်ပုဒ် ရေးဖြစ်စေခဲ့တယ်။ ကျွန်တော်က အဲဒီကဗျာရှည်ကို ဘယ်မဂ္ဂဇင်းကိုမှ မပို့ဘဲ သူမဆီ ပို့ပေးခဲ့ပါရဲ့။ ကျွန်တော်ဟာ ဘယ်လောက်တောင် ကိုယ့်အနုပညာ ကိုယ်ယုံသလဲဆိုရင် စာမူကို လက်ခံတောင် မထားဘူး။ သူမဟာ အဲဒီကဗျာကြောင့် ကျွန်တော့်ကို တစ်ခုခု တုံ့ပြန်မှာပဲလို့ ယုံကြည်မျှော်လင့်ထားခဲ့မိတာကိုး။ ဒါပေမယ့် အချိန်တွေသာ ကြာလာတယ်။ ဘာမှ ထူးခြားမလာဘူး။ နိုဝင်ဘာလလောက်ကျတော့ သူမဟာ ကျွန်တော့်ကို မျက်နှာချင်းဆိုင်ပြီး စကားတချို့ ပြောခဲ့ပါတယ်။ သူမကို မေ့ပစ်လိုက်ပါတဲ့။ သူမမှာ ချစ်သူရှိနေပြီတဲ့ . . .။ ကျွန်တော့်ကဗျာကို တော့ သူမကောင်လေးတွေ့သွားပြီး စိတ်ဆိုးမှာစိုးလို့ သူမကိုယ်တိုင်ပဲ ဖျက်ဆီးပစ်လိုက်ပါတယ်တဲ့။ ဘုရား၊ ဘုရား . . . ဘယ်လောက်တောင် မာကျောရက်စက်တဲ့ စကားလုံးတွေပါလဲ။ ဒီလိုနည်းနဲ့ ကျွန်တော့်ရင်ထဲ က ကဗျာတစ်ပုဒ်ဟာ လူတွေ ဘယ်သူမှ မသိရဘဲ ပျောက်ပျက်သွားခဲ့ ပါတယ်။

ရပါတယ်။ ကျွန်တော့်ဆီမှာ ဒဏ်ရာတွေ ရှိနေသရွေ့၊ ခံစားမှု တွေ ပြင်းထန်ပေါက်ကွဲနေသရွေ့၊ အတွေးအခေါ်တွေ စူးရှရဲရင့်နေသရွေ့ ကဗျာတွေ ထပ်ရေးဖြစ်နေဦးမှာပဲ။ ကမ္ဘာပေါ်မှာ လူတစ်ယောက် အသက် ရှင်တာ၊ တွားသွားသတ္တဝါတစ်ကောင်ရဲ့ လှုပ်ရှားမှုကို စိတ်ဝင်တစား ရှိခဲ့တာ၊ ရွှံ့သွပ်မှုတစ်ခုမှာ မိန်းမတစ်ယောက် မတ်တတ်ရပ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ စဉ်းစားစရာ ကောင်းလှပါတယ်။ ကျွန်တော့်ရဲ့ အသည်း၊ ကျွဲ နို့ဝင်ဘာဟာ ဘာပဲဖြစ်ဖြစ် လှပခဲ့ပါပြီ။

ဘာကိုမှ မလိုချင်တော့ သူဟာ အရာရာကို ရရှိ အောင်မြင် သွားတတ်တယ်ဆိုတာကိုလည်း သတိပြုမိခဲ့ပါရဲ့။ လူ့အဖြစ်ရဲ့ ဟာသ တချို့မှာ ကတ်ကို ပိန်း၊ နယ်ဆင်မင်ဒဲလား၊ ဂျင်မီဟင်းဒရစ်၊ မာရာဒို နာ၊ အောက်တာဗီယိုပ့်၊ ပေါ်ကာလီး . . . အစရှိသဖြင့် ပုဂ္ဂိုလ်တွေက ခပ်တည်တည် ပါဝင်ကြတာကို ကျွန်တော် အလန့်တကြား ဖြစ်ခဲ့ရပါ တယ်။

၁၉၉၇–ခုနှစ်မှာ ကျွန်တော့်မှတ်ဉာဏ်ထဲ ထူးထူးခြားခြား မှတ်မိ နေတဲ့ အချက်အလက် အနည်းငယ် ရှိပါတယ်။ ကမ္ဘာပြည်သူများရဲ့ နှလုံးသား ဒိုင်ယာနာမင်းသမီး တစ်ယောက် မော်တော်ကား မတော်တဆ မှုနဲ့ ကွယ်လွန်ခြင်း၊ Sea Game မှာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်း၊ ရော်နယ်ဒိုဆိုသည့် ဆယ်ကျော်သက် အရွယ် ဘရာဇီးဘောလုံးသမားက ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံး သမားဆုကို နှစ်ကြိမ်မြောက် ရရှိခြင်း၊ စာရေးဆရာနေမျိုး၏ ‘မြင်ကွင်း ကျယ် အချစ်ဝတ္ထု’ဆိုသည့် စာအုပ်ထွက်ပေါ်လာခြင်း၊ ကျွန်တော့်ကဗျာ များကို ကြိုက်သည့် တက္ကသိုလ် ကထိကဆရာတစ်ဦး သူ့အိမ်သို့ ထမင်း စားကြွရောက်ပါရန် ဖိတ်ကြားခံရခြင်း . . . အစရှိသဖြင့် အဖြစ်အပျက်တွေ ပဲ ဖြစ်ပါတယ်။

ဒီသက္ကရာဇ်ရဲ့ နောက်ဆုံးကာလတွေမှာ ကျွန်တော်ဟာ စဉ်းစား တွေးခေါ်တဲ့အလုပ်ကို ပိုလုပ်ဖြစ်လာခဲ့ပြီး၊ လူပြိန်းတွေကို အနုပညာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံတဲ့ ဆက်ဆံရေးမှာလည်း ထူးချွန်တတ်ကျွမ်းခဲ့ရပါတယ်။ အသက် (၁၉) နှစ်အရွယ် ချာတိတ်တစ်ယောက်က မြန်မာစာပေလောကကို တံခါးခေါက်ခဲ့တဲ့ နှစ်ကာလတစ်ခုပါ။

တချို့အသိတရားတွေဟာ စကားလုံးအားဖြင့် ပြောပြ၍ မရဘဲ ဘာသာစကားရဲ့ အထက်ကို ရောက်ရှိနေတတ်တာကြောင့် ကျွန်တော် မပြောပြနိုင်တာကို ခွင့်လွှတ်ကြစေချင်ပါတယ်။

၁၉၉၇–ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်ဟာ ကျွန်တော် ဝယ်လာတဲ့ ဒိုင်ယာရီထဲမှာ မပါတာကြောင့် ကျွန်တော် ဘာမှ ထူးထူးခြားခြား မခံစားရပါဘူး။ ဒါပေမယ့် တစ်ရက်စာ ဒိုင်ယာရီ မရေးရတဲ့အတွက် ကျွန်တော်က ၁၉၉၇–ခုနှစ်ကို (၃၆၄) ရက်သာရှိတဲ့ နှစ်လို့ပဲ လွယ်လွယ်ကူကူ မှတ်ထားလိုက်ပါတယ်။ ။

ဖက်ရှင်မဂ္ဂဇင်း

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

ဖတ်သူ၏ အသိတရားကို

ဒီဝတ္ထုက ဘာမှ

တာဝန်မယူပါ

www.burmeseclassic.com

www.burmeseclassic.com



၁။ လူတစ်ယောက်အကြောင်း ရေးထားတဲ့ ဝတ္ထုကို လူတစ် ယောက်က ပြန်ဖတ်နေရခြင်းသည် ဘာအဓိပ္ပာယ်ရှိသလဲ။ ကျွန်တော်ကတော့ အဓိပ္ပာယ်တစ်စုံတစ်ရာထက် အရသာရှိမှုသည် ပို၍ အခရာ ကျသည်ဟု ထင်မိသည်။ ကိုယ့်လက်ရေး ကိုယ်ပေါ်သထွက်နေ ခြင်းသည် သုံးတန်းကျောင်းသားတစ်ယောက်၏ ကိစ္စထက်တော့ နည်း၊ နည်းပိုအဆင့် မြင့်နိုင်ပါသည်။ ကမ္ဘာ့ဩဇာအကြီးဆုံး ပုဂ္ဂိုလ် (၁၀၀) စာရင်းတွင် ကျွန်တော် မပါဝင်ခြင်းသည် ကျွန်တော့်မှာ အပြစ်မရှိပေ။ အဝါရောင်သမ်းနေသော ကောင်မလေးတစ်ယောက်၏ အပြုံးကို ကျွန် တော်က နည်းနည်းပါးပါးလောက်မျှ ကိုယ်ချင်းစာနိုင်ပါသည်။ 'အတွေး အခေါ် လွတ်လပ်ခွင့်' ဆိုသည့် စကားကိုတော့ ပါးစပ်ပါလျှင် မည်သူမဆို ပြောနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ အပြင်မှာ ခါတိုင်းလိုလိုပင် ညသည့် တိတ်ဆိတ်အေး မြနေ၏။ အိပ်ခန်းပြတင်းနှင့် ကပ်နေသော စကားဖြူပင်မှ အရွက်ပွန်း သည့် အကိုင်းတစ်ကိုင်းသည် ပြတင်းမှန်ချပ်ကို တရှပ်ရှပ် လာ၍ ခြစ် သည်။ လက်လှမ်းမီသော ထိုအကိုင်းမှာ စံကားဖြူအပွင့်ကြွင်းများ ပွင့်နေ တာကတော့ အိပ်မက်လား မသိ။ ခုလို ဆောင်းဦးမှာကော စံကားဖြူ ပွင့်လို့လား။ မနက်ကျ ထကြည့်ဦးမည် စိတ်ကူးရင်း စကားဖြူပွင့်များသည် မီးသီးမှိန်မှိန်များဖြစ်သွားသည်။

၃။ လေုကားသည် ကွေ့လည်း ကွေ့ကောက်၏။ မတ် လည်း မတ်စောက်၏။ မည်းလည်း မည်းမှောင်နေ၏။ အပေါ်ဆုံးထပ်ရှိ ထိုအခန်းသို့ သူရောက်သောအခါ မိတ်ဆွေ အယ်ဒီတာမရှိ။ အယ်ဒီတာ စားပွဲပေါ်တွင် သူအသုံးပြုနေကျ ကတ်ကြေးတစ်လက်၊ ပေတံတစ်ချောင်း နှင့် ကော်ထုပ်တစ်ထုပ်ကိုသာ တွေ့ရလေသည်။ သူ ကိုးစက္ကန့်တိတ် စောင့် ဆိုင်းနေခဲ့သည်။ ကိုးစက္ကန့်ဆိုသော အချိန်မှာ ကနေဒါမှ ဘင်ဇွန် ဆင်ဆိုသော ပုဂ္ဂိုလ်အတွက် မီတာတစ်ရာ အဝေးကို ပြေးသွားရန် လုံ လောက်သော အချိန်ဖြစ်၏။

၄။ ဒီလိုနဲ့ ကျွန်တော်တို့ရဲ့ လူသားအဖြစ်ဟာ သေးသိမ်ခဲ့ရ ဖူးတယ် မဟုတ်လား။ အခုတော့ အလင်းရောင်ပါးပါးကို နောက်ခံထားလို့ ပေါက်ကွဲလုနီးနီး ဟောသည် ကမ္ဘာကြီးပေါ်မှာ ကျွန်တော်ဟာ လွတ် လပ်စွာ လမ်းလျှောက်ခဲ့ပါပြီ။ အိတ်ကတ်ထဲ ပိုက်ဆံအပြည့်ပါတဲ့အခါ အမှားနဲ့ အမှန်ကို ဘယ်တော့မှ မစဉ်းစားဘူး။ လမ်းတကာပေါ်မှာ ... လန် ကဗျာဆရာတွေလို ကျွန်တော် ဘယ်တော့မှ မ...ကြွဘူး။

www.burmeseclassic.com



ကဗျာတစ်ပုဒ် ရေးခါနီးတိုင်း သဲအိတ်ကို ကျွန်တော် လက်သီးနဲ့ ထိုး တယ်။ မင်းဝံတောင်တန်းကို ကျွန်တော် မထိုးဘူး။ ရှမ်းရိုးမကို ကျွန်တော် မထိုးဘူး။- ကမ္ဘာကြီးရဲ့ တစ်ဖက်စွန်းကို ထုတ်ချင်းပေါက် သွားရောက် နိုင်မယ့်လမ်းကို ကျွန်တော် ရှာတွေ့ခဲ့ပါပြီ။

၅။ အပေါ်စား အောင်မြင်ကျော်ကြားမှုများသည် ကျွန်တော့် အား ဖျားယောင်းနေကြသည်။ ကျွန်တော် ကဗျာမရေးဖြစ်သည်မှာ နည်းနည်း ကြာနေပြီ။ ကျွန်တော်တို့ ပြည်မြို့မှ ကဗျာဆရာ မောင်ချော နွယ်နှင့် ပန်းချီဆရာ ခင်ဝမ်းတို့သည် တမလွန်မှ ကျွန်တော့်ကို မကဲ့ရဲ့ ဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။ ရုတ်တရက် ကျွန်တော် ရှက်သွားပြီး အပေါ်စား ကျော်ကြားမှုတချို့ကို စွန့်လွှတ်ရန် စဉ်းစားမိသေးသည်။ သို့သော် ထိုသို့ စဉ်းစားရင်းပင် နှစ်ပေါင်းများစွာ ကုန်လွန်သွားနိုင်မှန်း လည်း စိုးရိမ်မိ၏။

၆။ ဆောင်းညများတွင် နှင်းများ တအိအိ ကျဆင်းလာပုံ၊ ပြာမှိုင်းမှိုင်းနှင်းမှုန်များက လူတစ်ယောက်ကိုပင် နစ်မြုပ်ပျောက်ကွယ် သွားစေပုံ၊ နှင်းစက်များဖြင့် အေးစက်စက် ဖြစ်နေသော မြက်ခင်းတစ် ခုထဲမှာ မှုးမှုးရှူးရှူး၊ ချမ်းချမ်းစီးစီးနှင့် ကျွန်တော် လျှောက်သွားနေခဲ့ပုံတို့မှာ ယခုလို မွန်းကျပ် လှောင်အိုက်လှသော နွေနေ့များတွင် ပြန်လည် အမှတ်ရဖွယ်ဖြစ်နေပြန်သည်။ ဆောင်းဦးပေါက် ညတစ်ညတွင် ကျွန်တော် ပိုင်ဆိုင်ခဲ့ဖူးသော သစ်တော်သီးကလေး နှစ်လုံးကိုတောင် ပြန်လည် သတိရလာမိ၏။ ကျွန်တော် ခင်မင်ရင်းနှီးခဲ့ဖူးသော မိန်းမတစ်ယောက် ကို သတိရလာမိ၏။ ပြီးတော့ ကျွန်တော် တစ်ယောက်တည်း ဖျားနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ မေးမြန်းမည့်သူ မရှိဘဲ ဖြစ်နေခဲ့ပါသည်။ ယခင်က ထိုသို့ ကျွန်တော်ဖျားနာလေ့ မရှိ။ တစ်ခုသော ဆောင်းညနက်နက်တွင် မြက်ခင်းပြင်တစ်ခုမှ အမှုးပြယ်ကာ နိုးထလာခဲ့၏။ ကျွန်တော် အခန်းကလေးသို့ ပြန်လာခဲ့ပါသည်။ ကျွန်တော်အခန်းသို့ ပြန်ရောက်ပြီးနောက် နံနက်လင်းသောအခါ တဟွတ်ဟွတ်နှင့် နှာစေးချောင်းဆိုးနေခဲ့ပါတော့သည်။ ခြေဖျားလက်ဖျားများလည်း အေးစက်နေခဲ့၏။ နောက်တော့ ကျွန်တော်ဖျားသည်။ ကျွန်တော်သည် အဖျားဒဏ်ကြောင့် အိပ်ရာထဲတွင် လဲပါတော့သည်။ အိပ်ရာထက်တွင် စစ်စောင်ကြီးကို ခြုံ၍ လဲလျောင်းကာ နှစ်ရက်တိတိ ကုန်ဆုံးအောင် နေခဲ့ရ၏။ (တစ်ခါတစ်ရံ ကျွန်တော်က အစာမစားဘဲ နှစ်ရက်၊ သုံးရက်မျှ နေနိုင်စွမ်း ရှိပါသည်။) ကျွန်တော့်မှာ ပြုစုမည့်သူ၊ ကုသမည့်သူ မရှိဘဲ နာရီပေါင်းများစွာ ကြာမြင့်အောင် အိပ်ရာထဲတွင် လဲနေခဲ့ရပါသည်။ သို့သော် ကံအားလျော်စွာပင် သုံးရက်မြောက်သောနေ့၌ တံခါးခေါက်သံကို အိပ်ရာထဲမှ ပထမဆုံး စတင်ကြားရလေသည်။

၇။ နွားများတွင် ခြေလေးချောင်းရှိ၏။ ဤဝါကျ အနည်းငယ် မှားယွင်းနေသည်။ နွားတစ်ကောင်တွင် ခြေထောက်လေး ချောင်းရှိ၏။ စူလနွားနို့ညှစ်နေသည်။ နွားနို့သံပုံးထဲကျသံမှာ တရှဲရှဲ မြည်နေသည်။ စားပွဲပေါ်ရှိ နွားနို့ဖန်ခွက်ရှေ့တွင် ကျော်ကျော် ထိုင်မှိုင်နေ သည်။ ထိုဖန်ခွက်ကို တရုတ်ပြည်တွင် ပြုလုပ်ခဲ့သည်။ ကျောင်းကြိုကား လာတော့မည်။ သား နွားနို့ပူပူလေး သောက်လိုက်ဦးလေ။ သူ့အမေက ပြော၏။ နွားနို့ တစ်ခွက်ကို နံရံတွင် ကပ်ရိုက်ထားသော စင်ကလေးပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဦးဘခိုင် တင်လိုက်သည်။ ထိုစင်ပေါ်တွင် သူတို့ ကိုးကွယ်သော ယောဂီကြီး၏ ရုပ်ထုရှိ၏။ နီဆာသော နွားသားပေါက်ငယ်တစ်ကောင်က ချည်တိုင်မှာ ရုန်းကန်ရင်း တဘူးဘူးအော်နေ၏။ တပူးပူးဟု ရေးရင်လည်း မှန်နိုင်ပါသည်။

၈။ ရမ် ... ဆိုတဲ့ ပုလင်းထဲ ရမ်မဟုတ်တာတွေ ထည့်ထားမှ တော့ ငါ့ဘဝထဲ ဘဝမဟုတ်တာတွေ ထည့်ထားတာ ဘာမှမဆန်းတော့ ဘူး။ မူးပြီး ငါရောက်လာတော့ မင်းတို့ကို ငါမသိ၊ ငါ့ကိုယ်ငါလည်း ငါ မသိ။ အာဏာရဲ့ ဗဟိုချက်ဟာ မြေထဲပင်လယ်တစ်ဝိုက်ကနေပြီး ဥရောပ တိုက်ဆီ တရွေ့ရွေ့ ရောက်လာရသလိုမျိုး။ စာပေလောကရဲ့ ဗဟိုချက် ဟာ ပိုင်စိုးဝေဆီ ရောက်လာခဲ့ပါပြီ။ ပင်လယ်လှိုင်းနဲ့ မှန်တိုင်းရဲ့ ဆူညံ မှုထဲ ငါ့အလင်းရောင်၊ ငါ့အမှောင်ထု၊ ငါ့အသံနဲ့ ငါ့အမှန်တရား။ ဂျီရဲ့ ဓားကို ငါမြှုပ်ထားရဲ့။

BURMESE CLASSIC

၉။ ဒါပဲ။ အဲဒါကို ဝတ္ထုတိုလို့ ပြောတော့ သဘောမတူတဲ့ သူတွေရှိချင် ရှိမယ်။ ဒါပေမယ့် ဒါပါပဲ။ ဇာတ်ခင်းတို့၊ ဇာတ်တက်တို့၊ ဇာတ်ထွတ်တို့၊ ဇာတ်အပြေတို့ ဘာမှမပါဘူး။ ဝတ္ထုတိုဆိုရင် ဒီလိုရေး ရမယ်ဆိုတဲ့ အရင်ရှိခဲ့တဲ့ တစ်ပတ်ရစ် Second Hand အသိနဲ့ ရေးနေကြ တာလို့ ထင်ပါတယ်။ အဲဒီလိုရေးတော့လည်း ဖတ်ကောင်းတာပေါ့လေ။ ဖတ်ကောင်းတယ်ဆိုရင် ကောင်းတာပေါ့။ မျက်ရည်ဝဲတာတွေ၊ ဥညြဲတွန် တာတွေ၊ ကုံကော်ဝတ်မှုန်ရနံ့တွေ လေပြည်ထဲမှာ ပါလာတာတွေ၊ နွတ် ခမ်းပါးကလေးတွေ တဆတ်ဆတ်တုန်ရီပြီး စကားမပြောမထွက်တာတွေ အဲဒါတွေ ပါတော့လည်း ကောင်းတာပေါ့။ ဒါပေမယ့် မပါရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုဖြစ်တယ်။ ဝတ္ထုတိုဖြစ်တယ်လို့ ပြောလာရင် (ကျွန်တော်က ပြောလာရင်) ဘယ်လိုသဘောထားမှာလဲ။ သိပ်တော့ အရေးမကြီးပါဘူးလေ။

၁၀။ လူတစ်ယောက်ဟာ ကိုယ့်ခံစားမှုကို အသိဉာဏ်ကြီးနဲ့ လိုက် ပြီး ထိန်းချုပ်နေရတာ အဟုတ်စိတ်ပျက်စရာ ကောင်းသည်။ ဝတ္ထု တွေ၊ ကဗျာတွေ၊ စကားလုံးတွေ အားလုံးသည် ပျင်းရိစရာ ဖြစ်လာ၏။ ဒါတွေထက်စာရင် သေခြင်းတရားကမှ နည်းနည်းပိုပျော်စရာ ကောင်းပါ လိမ့်မည်။ ကဲ...မိတ်ဆွေ ကျွန်တော့်အဆိုကို သဘောတူပါက ဒီဝတ္ထုကို ခေါင်းစဉ်က စပြီး ပြန်လည်၍ အသံထွက် ဖတ်ကြည့်စေချင်ပါ သည်။ ဒါမှမဟုတ် အားလုံးကို မေ့ပစ်လိုက်ရင်လည်း ရပါသည်။

**<u>ဤဝတ္ထု၏ အရင်းအမြစ်များ</u>**

၁။ ဝေမှူးသွင်

၂။ ကြည်အေး (မေတ္တာမီးအိမ်)

၃။ သစ္စာနီ (ဆယ့်နှစ်ရာသီတောလား)

၄။ ပိုင်စိုးဝေ (အမေ့အတွက် ကက်ထလောက်စာအုပ်သစ်)

၅။ ဝေမှူးသွင်

၆။ နေမျိုး (မြင်ကွင်းကျယ်အချစ်ဝတ္ထု)

၇။ သစ္စာနီ (နွားနို့သောက်သူများ)

၈။ ပိုင်စိုးဝေ (အလွှာကိုးရဲ့ ခေါင်မိုးပေါ်မှာ)

၉။ ဖော်ဖော်အောင် (မေမိုးဝေ)

၁၀။ ဝေမှူးသွင်

ရွှေမျက်လုံးမျှာနယ်

♛ ♛ ♛ ♛ ♛

ဘိုမြက်ဘဲ့သ၈

www.burmeseclassic.com